## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကို သိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နှလုံးသားနဲ့ခံစားလို့ ဦးနှောက်နဲ့ရွေးချယ်ဖို့ မဲပေးကြပါစို့။**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၁၈)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ စနေနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိရာ မကြာမီတွင်ပြန်လည်ဖွင့်လှစ်တော့မည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့မသွားရောက်မီ မိမိတို့၏မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇ - ၁၁ - ၂၀၂၅ ရက်နေ့မှ ၂၁ - ၁၁ - ၂၀၂၅ ရက်နေ့အထိ နံနက် ၀၉၀၀ နာရီမှ ညနေ ၁၆၃၀ နာရီအတွင်း

စာမျက်နှာ ၇ ကော်လံ ၁ ➔

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ရွှေလောင်းမြို့နယ်၊ မရမ်းချောင်ရွာ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

နေပြည်တော် နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာ၌အခြေပြု၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသော တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါရွာမှပြန်လည်ထွက်ခွာ၍ ညနေပိုင်းတွင်

စာမျက်နှာ ၁၇ ကော်လံ ၁ ➤



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသော တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ဆောင်းပါး

**နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့ (ကုန်ထုတ်တိုးမြှင့် စွမ်းရည်ဖွင့် ထွန်းတင့်ရမည် မြန်ရွှေပြည်)**

စာ - ၁၃ သို့

**နွားနောက်မျိုးစိတ်အကြောင်း သိကောင်းစရာများ**

စာ - ၂၅ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်)

# အမျိုးသားယဉ်ကျေးမှုစာပေအမွေအနှစ်

အမျိုးသားယဉ်ကျေးမှုစာပေအမွေကို လက်ဆင့်ကမ်းပေးခဲ့ကြသော စာဆိုတော်များကို ဂုဏ်ယူချီးမြှင့်ခြင်းသည် စာပေကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းလည်းဖြစ်သည်။ တန်ဖိုးရှိသောစာပေများကိုဖတ်ရှုခြင်းဖြင့် လူငယ်မောင်မယ်များ အသိဉာဏ်တိုးပွားစေသည်။ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှင်သန်စေသည်။ ဇာတိသွေးဇာတိမာန်တက်ကြွစေသည်။ မြန်မာစာပေသည် လေ့လာ၍မကုန်ဆုံးနိုင်သော ပညာဘဏ်တိုက်ကြီးဖြစ်သည်။ ရှေးကပညာရှင်များအဆက်ဆက် စုဆောင်းသိုမှီးထားသည့်ပညာရပ်များမှာ ခေတ်ကာလအဆက်ဆက် သုံး၍ကုန်နိုင်မည်မဟုတ်ပေ။

နိုင်ငံတော်ကိုခေတ်မီဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရာတွင် အသိပညာတစ်ခုတည်းဖြင့်တည်ဆောက်၍မရနိုင်သလို အတတ်ပညာတစ်ခုတည်းဖြင့်လည်း တည်ဆောက်၍မရနိုင်ပေ။ အသိပညာနှင့်အတတ်ပညာနှစ်ခုစလုံးပေါင်းစပ်ဆောင်ရွက်နိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သောလူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်လာပေမည်။ စာပေသည်လူသားတို့အတွက် ဘဝရှေ့ဆောင်မီးရှူးရောင်၊ ရှေ့ဆောင်လမ်းပြဖြစ်သည်။ စာပေဖြင့် လူသားတို့၏စိတ်နှလုံးကို နူးညံ့သိမ်မွေ့စေသည်။ စာကောင်းပေမွန်များကိုဖတ်ရှုရသဖြင့် မိမိတွင်စွဲကပ်နေသည့်စိတ်အရိုင်းများပြေပျောက်သည်။ မကောင်းမှုကိုမပြုခြင်း၊ ကောင်းမှုကိုပြုခြင်းနှင့်စိတ်ကိုဖြူစင်စွာထားရှိနိုင်ခြင်းမှာ စာပေဖတ်ရှုခြင်း၏ကောင်းကျိုးပင်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၂၀ ရက်နေ့ကကျင်းပသည့် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ် **"နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကိုအလေးထားပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုအကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုကြီး အဘက်ဘက်ကဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်သူတို့၏လူမှုစီးပွားဘဝစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့နှင့်အတူ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ရေးတို့အတွက် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးကြောင်း၊ မိမိတို့ပြည်သူအားလုံး ဒီမိုကရေစီအလေ့အထကောင်းများရရှိအောင်၊ အသိဉာဏ်ပညာများပြည့်ဝအောင်၊ ခေတ်မီဗဟုသုတများဆည်းပူးနိုင်အောင် "စာပေ" ဖြင့် ထိန်းကျောင်းလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

စာပေသည်လူတို့၏စိတ်ဓာတ်ကို သိမ်မွေ့စေတတ်သကဲ့သို့ မေတ္တာတရားကိုလည်း ကြီးမားလေးနက်စေသည်။ ထို့ပြင်မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ တာဝန်သိစိတ်တို့ကိုလည်းပေးစွမ်းနိုင်သည်။ ယခုကဲ့သို့ တိုင်းပြည်နှင့်လူမျိုးအတွက် ကြီးမားသည့်အကျိုးကျေးဇူးများကိုဆောင်ကြဉ်းပေးသည့် စာပေများကိုဖန်တီးရေးသားကြသည့် စာပေပညာရှင်ကြီးများကို ၁၃၈၇ ခုနှစ် နတ်တော်လဆန်း ၁ ရက် စာဆိုတော်နေ့တွင် ဆုချီးမြှင့်ခွင့်ရသည့်အတွက် အလွန်ဝမ်းသာဖွယ်ကောင်းလှသည်။ ဆက်လက်၍လည်း သမိုင်းစဉ်ဆက်အခြေခိုင်ခဲ့သည့် မိမိတို့၏ မြန်မာစာပေပင်မကြီးလဲကျမသွားစေရေး စုပေါင်းအင်အားဖြင့် ဆက်လက်ပြုစုစောင့်ရှောက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် တန်ဖိုးမဖြတ်နိုင်သည့် စာပေယဉ်ကျေးမှုများကို နောင်လာနောက်သားမျိုးဆက်တို့အတွက် လက်ဆင့်ကမ်းအမွေအဖြစ်ပေးအပ်နိုင်ကြပြီး ပြောင်းလဲဖွံ့ဖြိုးလာသည့် ခေတ်ကာလများနှင့်အတူ အလျဉ်မပြတ်စီးဆင်းနိုင်သည့် မြန်မာစာပေရေစီးကြောင်း တည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံနှင့်အများပြည်သူတို့၏ကောင်းကျိုးအဖြာဖြာကို ကလောင်စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို လေးမြတ်ဂုဏ်ပြုလျက် စာဆိုတော်နေ့အခမ်းအနားကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုအဖြစ် ၁၉၄၄ ခုနှစ်ကစတင်ပြီး ကျင်းပလာကြသည်မှာ နှစ်ပေါင်း ၈၀ ကျော်ကြာခဲ့ပြီဖြစ်သည်။ **"အလိမ္မာ စာမှာရှိ"** ဆိုသည့်စကားအတိုင်း လူသားများအတွက် အသိပညာနှင့်အလိမ္မာပညာကို စာပေကပေးအပ်လျက်ရှိသည်။ စာပေကပေးသည့် အသိပညာနှင့်အလိမ္မာကိုအခြေခံပြီး လူ့ပတ်ဝန်းကျင်အဆောက်အအုံကြီး ကြီးထွားစည်ပင်လာခြင်းလည်းဖြစ်သည်။

စာပေသည်အလေးအမြတ်ထားအပ်သည့် ဂုဏ်ကျေးဇူးရှိပြီး စာပေများကိုပြုစုကြသည့် စာဆိုတော်ကြီးများ၏ ကြီးမားလှသည့်ဂုဏ်ကျေးဇူးများကို လေးစားဂုဏ်ပြုသည့်အနေဖြင့် စာဆိုတော်နေ့အခမ်းအနားကိုကျင်းပပြုလုပ်ကာ ဂုဏ်ပြုပူဇော်ကြခြင်းပင်ဖြစ်သည်။ စာပေမြင့်မှလူမျိုးတင့်မည် ဆိုသည့်အတိုင်း စာပေကိုအလေးအနက်ထားခြင်းမှာ အနာဂတ်နိုင်ငံတော်ကိုပိုမိုလှပအောင် စာပန်းချီခြယ်သခြင်းဖြစ်သည်။ နှစ်ပေါင်းထောင်ချီကြာရှည်တည်ပြီး သမိုင်းရှိသည့် မြန်မာစာပေသည် ပုဂံခေတ်မှသည် ယနေ့တိုင် အဖိုးတန်ဆဲ၊ လှပမြဲဖြစ်သည်။ မျက်မှောက်ခေတ်အထိ မတိမ်ကောမပပျောက်ဘဲ အခိုင်အမာတည်ရှိနေသည့်စာပေသည် အနှစ်သာရတန်ဖိုးကြီးမားလွန်းသည်။ မြန်မာစာပေနှင့်ပတ်သက်လာလျှင် အသွင်သဏ္ဌာန်နှင့်အနှစ်သာရပါဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြသည့် ပညာရှင်များကို ဂုဏ်ပြုချီးမြှင့်ခြင်းမှာ မင်္ဂလာတစ်ပါးပင်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် အမျိုးသားယဉ်ကျေးမှုစာပေအမွေအနှစ်များကို စာပေပညာရှင်များအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
**၃၆**
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## ဆေးလိပ်ငွေ့ကင်းစင်နေရာ (၁၁၆)နေရာ သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

သံဖြူဇရပ် နိုဝင်ဘာ ၂၁

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ယခုအခါ ဆေးလိပ်ငွေ့ကင်းစင်နေရာများသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သံဖြူဇရပ်မြို့နယ်တွင် ရပ်ဝေးရပ်နီးမှ ဘုရားဖူးများနှင့်ခရီးသွားဧည့်သည်များ သွားလာမှုများပြားလာပြီး နိုင်ငံခြားသားဧည့်သည်များ လာရောက်မှုရှိသော ကျိုက္ခမီရေလယ်ဘုရား၊ ခနသဟာရစစ်သင်္ချိုင်း၊ သေမင်းတမန်မီးရထားလမ်းပြတိုက်များကို ၂၀၂၃ ခုနှစ်မှစ၍ ဆေးလိပ်ငွေ့ကင်းစင်နယ်မြေ (Smoke Free Public Area) အဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး သံဖြူဇရပ်မြို့အတွင်းရှိ အစိုးရဌာနရုံးများ၊ ပြည်သူ့ဆေးရုံနှင့်ပုဂ္ဂလိကဆေးရုံများ၊ စာသင်ကျောင်းများ၊ ဟိုတယ်နှင့်စားသောက်ဆိုင်များ၊ အားကစားကွင်းများအပါအဝင် ကျိုက္ခမီဘုရားပရိဝုဏ်၊ အမှတ်တရပစ္စည်းဆိုင်များ၊ စားသောက်ဆိုင်များ စသည့်နေရာများကိုလည်း ဆေးလိပ်ငွေ့ကင်းစင်နေရာများ အဖြစ်သတ်မှတ်ထားပြီး စုစုပေါင်းဆေးလိပ်ငွေ့ကင်းစင်နေရာ (၁၁၆) သတ်မှတ်ထားရှိကာ ဆေးလိပ်ငွေ့ကင်းစင်သော မူဝါဒများအား ပြည်သူများအသုံးပြုသည့်နေရာသစ်များပါဝင်လာစေရန် ဆက်လက်တိုးချဲ့မည်ဖြစ်သည်။

အဆိုပါ ဆေးလိပ်ငွေ့ကင်းစင်နေရာများတွင် ပြည်သူများသိရှိနိုင်ရန်အတွက် အသိပေးဟောပြောပွဲများကျင်းပပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဆေးလိပ်မသောက်ရနေရာများသို့ ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်ကြောင်း သိရသည်။ (၄၀၆)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၁-၂၀၂၅ (စနေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၁၁:၂၀ ပြည်သူ့ကြားက ပြည်သူ့စကား
၃။ ၁၂:၃၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၄။ ၁၄:၀၀ ကျန်းမာသုတ
၅။ ၁၇:၀၀ အင်္ဂလိပ်စာသုတ
၆။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**

## သဇင်(FM)အသံလွှင့် အစီအစဉ်

၂၂-၁၁-၂၀၂၅(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၆၆၃၈၊ ၀၈၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၄) သင်တန်းဆင်းပွဲအခမ်းအနားတက်ရောက်





ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၂၄)သင်တန်းဆင်းပွဲအခမ်းအနား၌ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၄) ရဲသူရတပ်ခွဲ၏သင်တန်းဆင်းပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ စစ်ရေးပြကွင်း၌ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် တက်ရောက်၍ သင်တန်းဆင်းဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်မျိုးမင်းထိုက်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရဲအရာရှိကြီးများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ဒုတိယပါမောက္ခချုပ်၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်သည် ဒုတိယရဲအုပ်လောင်းများ၏အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲများအားစစ်ဆေးခဲ့ပြီး ဒုတိယရဲအုပ်လောင်းများ၏ အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်သည် အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း သင်းယုလှိုင်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ကျော်လင်း၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဝေယံ၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သင်းယုလှိုင်၊ အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖြိုးဝေအောင်တို့အားဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်က သင်တန်းဆင်းဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ခေါင်းဆောင်ငယ်များအဖြစ်တာဝန်ယူကြရတော့မည့်သူများအနေဖြင့် ကွပ်ကဲရသည့်တပ်ဖွဲ့ကို တက်ညီလက်ညီဖြင့် စုပေါင်းဆောင်ရွက်နိုင်စွမ်းရှိအောင် ဦးဆောင်နိုင်ရမှာဖြစ်သလို မိမိကိုယ်တိုင်လည်းအရာရာမှာစံပြဖြစ်အောင် လိုက်နာကျင့်ကြံနေထိုင်သွားကြရန်လိုကြောင်း၊

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် "နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်းလက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်" ဟူသည့်အစဉ်အလာကောင်းနှင့်အညီ တပ်မတော်နှင့်အတူ နယ်မြေခံပြည်သူ့စစ်အဖွဲ့၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၊ ဒေသခံပြည်သူလူထုများနှင့်လက်တွဲပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားနေသည့် နေရာဒေသများတွင် တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ဆိုးရွားစွာထိခိုက်ပျက်စီးစေသည့် အကြမ်းဖက်မှုများကိုနှိမ်နင်းရာတွင် ရဲစွမ်းသတ္တိအရင်းခံ၍ ရန်သူအပေါ်ပြုကျင့်ရမည့် ကျင့်ဝတ် ၅ ပါးမှ ပဉ္စမအချက်ဖြစ်သည့် "ရန်သူ၏ စိတ်ဓာတ်ကိုယတိပြတ်ချိုးနှိမ်၍ အပြီးသတ်အောင်ပွဲခံယူပါ" ဆိုသည့်ကျင့်ဝတ်နှင့်အညီ ကျင့်ကြံကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်မှလည်း တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စားတာဝန်ထမ်းရွက်ခဲ့ကြသည့်တပ်ဖွဲ့ဝင်များကို ထိုက်တန်သည့် ဂုဏ်ပြုမှုများချီးမြှင့်ပေးလျက်ရှိရာ မိမိတို့တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူကို အလုပ်အကျွေးပြုသည့်၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်မြဲရေးကို အသက်ပေးကာကွယ်စောင့်ရှောက်တတ်သည့် ရဲတပ်ဖွဲ့ဝင်များအဖြစ် လေးနက်စွာခံယူပြီး ကျရာတာဝန်များကို ဦးလည်မသုန်ထမ်းရွက်သွားကြဖို့ မှာကြားလိုကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ရည်မှန်းချက်တာဝန် ၄ ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့်လက်တွဲပူးပေါင်း၍ ပြစ်မှုများမဖြစ်ပွားအောင်ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားပြီးသောပြစ်မှုများမှ ကျူးလွန်သူများကိုလည်း ဖော်ထုတ်ဖမ်းဆီးပြီး တရားဥပဒေနှင့်အညီ ထိရောက်သည့် ပြစ်ဒဏ်ရရှိစေရေးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ "မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အမြင့်ဆုံးဂုဏ်သိက္ခာသည် ပြည်သူလူထုက အားကိုးယုံကြည်မှုပင်ဖြစ်သည်" ဆိုသည့် ခံယူချက်နှင့်အညီ ပြည်သူက လေးစားပြီး အားကိုးယုံကြည်ရသည့် စွမ်းရည်ရှိသောရဲတပ်ဖွဲ့ဖြစ်စေရေး ကြိုးပမ်းထမ်းဆောင်သွားကြစေလိုကြောင်း။

ထို့ပြင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်ရွေးကောက်ပွဲလုံခြုံရေးကို ထိခိုက်စေသည့် လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ ကျူးလွန်နေသူများကို စုံစမ်းဖော်ထုတ်အရေးယူရမည့်အပြင် ရွေးကောက်ပွဲဆိုင်ရာကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ လက်ရှိရရှိထားသည့်တိုးတက်မှုများကိုအခြေခံကာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

ရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြည့်ဝထက်မြက်နေစေရန် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် လေ့ကျင့်ရေးမူဝါဒနှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ရဲလုပ်ငန်းစနစ်များ၊ စစ်နည်းဗျူဟာနှင့် မှုခင်းကျူးလွန်မှုပုံသဏ္ဌာန်များကို စဉ်ဆက်မပြတ်လေ့လာသွားကြရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်သည် ညပိုင်းတွင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဗဟိုခန်းမ၌ကျင်းပပြုလုပ်သည့် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၂၄)၏ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်မျိုးမင်းထိုက်၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆင်း ဒုတိယရဲအုပ်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပျော်ဘွယ်မြို့နယ်တွင် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန် မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ်ကြေညာ



**ပျော်ဘွယ် နိုဝင်ဘာ ၂၁**

ပျော်ဘွယ်မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန် မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ်ကြေညာခြင်းကို ယနေ့နံနက်ပိုင်းမှစတင်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများ၌ စတင်ကြေညာထားကြောင်းသိရသည်။

မဲဆန္ဒရှင်များစာရင်းကြေညာခြင်းကို နိုဝင်ဘာလ ၂၁ ရက်မှ ဒီဇင်ဘာလ ၄ ရက်အထိ ကြေညာထားမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ကြေညာထားမှုအား သွားရောက်ကြည့်ရှုရန်လိုအပ်ပြီး ဆန္ဒမဲပေးမည့်စာရင်းတွင် မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့်တောင်းဆိုရမည်ဖြစ်ကြောင်း၊ မိမိအမည်၊ မှတ်ပုံတင်အမှတ်၊ အဘအမည် စသည့်အချက်အလက်များကွဲလွဲနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်ရမည်ဖြစ်ပြီး အဆိုပါပုံစံများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံမှအခမဲ့ထုတ်ယူနိုင်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများ၌ မဲဆန္ဒရှင်စာရင်းများကြေညာထားမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များအား သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# "ချစ်စရာ့အရွယ် ကစားကြမယ်" ကလေးအစီအစဉ်၊ မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၁**

"ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ်ကို MRTV HD Channel မှအပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက် စနေနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ အမှတ်(၂)မူလတန်းကြိုကျောင်း(လှိုင်)နှင့် မြောက်ဥက္ကလာပမူလတန်းကြိုကျောင်းတို့မှကလေးငယ်များပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်းကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင် နိုဝင်ဘာလ ၂၃ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ MRTV HD Channel တွင် နိုဝင်ဘာလ ၂၄ ရက် တနင်္လာနေ့ ညနေ ၄ နာရီသတင်းအပြီးတွင်လည်းကောင်း ထပ်မံပြသမည်ဖြစ်ကြောင်းသိရသည်။

**မြဝတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ထို့ပြင် "ယောက်ျားဆိုတာမျိုးဟာ စုံမှကွဲ" ဟု ကျွန်ုပ်၏အဘိုးပြောဖူးသည့် စကားတစ်လုံးသည်လည်း ကျွန်ုပ်၏နားထဲတွင် စွဲလျက်ရှိ၏။ ထို့ပြင်လည်း အင်္ဂလိပ်ဝတ္ထုများကို ဖတ်ရှုသည့်အခါ အကောင်းတွေချည်း စုပေါင်းထားသည့် ဟီးရိုးမျိုးထက် (Villaint Hero–type)အကောင်းနှင့်အဆိုး ရောစပ်လျက်ရှိသည့် ဇာတ်လိုက်မျိုးကို ကျွန်ုပ် သာ၍နှစ်သက်တတ်သည်။ အင်္ဂလိပ်ဂျန်တဲလ်မန်းအကြောင်းကို ကျွန်ုပ် အကျယ်တဝင့်ရေးသားဖော်ပြခဲ့ဖူးသည်ဖြစ်ရာ ကျွန်ုပ်သည် သူ၏အကျင့်စာရိတ္တနှင့်အနေအထိုင်ကို စိပ်ပုတီးသမားတစ်ယောက်၊ ကမ္ဘဋ္ဌာန်းသမားတစ်ယောက်၏ အနေအထိုင်ထက် နှစ်သက်သဘောကျလျက်ရှိပါသည်။ ကျွန်ုပ်၏အကြိုက်သည် မှန်ကန်သည်၊ တရားနည်းလမ်းကျသည်ဟု မဆိုလိုပါ။ သို့ရာတွင် မြန်မာလူမျိုး တရားသမားတစ်ယောက်အနေဖြင့် ထူးဆန်းသည်ဟု ဆိုကြလိမ့်မည်ထင်ပါသည်။ လူရိုးလူကောင်းကြီးတစ်ယောက်ဖြစ်သည့် မွေးသဖခင်မှ ကျွန်ုပ်ကဲ့သို့သော သားတစ်ယောက်ပေါက်ဖွားလာခြင်းမှာလည်း ကျွန်ုပ်အဖို့ရာ၌ နားမလည်နိုင်သောအခြင်းအရာတစ်ခု ဖြစ်ပါတော့သည်။

ကျွန်ုပ်သည် လောကကြီးတွင် အထိုက်အလျောက် စည်းစိမ်လေးနှင့် နေချင်တတ်သူတစ်ယောက်ဖြစ်ပါ၏။ ဥစ္စာပစ္စည်းအလွန်ကြွယ်ဝပြီး ဝင့်ဝင့်ဝါဝါ နေရသောအဖြစ်မျိုးကို မတောင့်တစေကာမူ ချောင်ချောင်ချိချိလေး နေထိုင်စားသောက်ရသောအဖြစ်မျိုးကို လိုလားမိပါ၏။ အိမ်ထောင်ရေးနှင့်ပတ်သက်၍ (အထူးသဖြင့် ဒုတိယအိမ်ထောင်ပျက်သည့်အချိန်တွင်) ထိုကဲ့သို့သော အခြေအနေမျိုးရနိုင်လောက်သည့် အခွင့်အရေးမျိုးလည်း ရှိခဲ့ပါ၏။ အိမ်ထောင်ရေးအားဖြင့်ဖြစ်စေ၊ မိမိကိုယ်တိုင် ကြိုးစားခြင်းအားဖြင့်ဖြစ်စေ ဖော်ပြခဲ့ပြီးသည့်အခြေအနေမျိုးသို့ရောက်နိုင်လောက်သည့် အခွင့်အလမ်းများလည်း ပေါ်ပေါက်ခဲ့ပါ၏။ ကျွန်ုပ်ကိုယ်တိုင်မှာ စဉ်းစားဉာဏ်ကင်းမဲ့သည့် လူစားမျိုးလည်း ဟုတ်သည်မထင်ပါ။ သို့ပါလျက် (ဤနောက်ပိုင်းချိန်မှတစ်ပါး) ဆင်းရဲဖို့အကြောင်းတွေချည်း ထပ်ခါထပ်ခါပြုလုပ်ပါ၏။ အထက်တွင် ဖော်ပြခဲ့သည့် နိုင်ငံကျော်ဆရာတော်ကြီးကမူ ကျွန်ုပ်အကြောင်းကိုသိသည်နှင့် အပြစ်မတင်စေကာမူ အံ့ဩမိကြောင်းနှင့် အကြိမ်ကြိမ်မိန့်တော်မူဖူးပါသည်။ ဤသည်မှာလည်း ကျွန်ုပ်ကိုယ်ကိုယ်ကျွန်ုပ် နားမလည်သောအချက်တစ်ခုဖြစ်ပါသည်။

> **"ကျွန်ုပ်သည် ဖခင်၏ကျပ်တည်းသောပဲ့ပြင်မှုနှင့် အငယ်ဆုံးကျောင်းသားလေးအဖြစ်နှင့် ကျောင်းသားကြီးများ၏အနိုင်ကျင့်မှုများခံခဲ့ရခြင်းအတွက်ကြောင့် ကျွန်ုပ်၏သဘာဝ၌ ဆူးများပေါက်လာခဲ့ရပုံကို စာဖတ်သူတို့ နားလည်လောက်ပါပြီ။ ဆူးများသည် တစ်ပြိုင်နက်တည်းပေါက်လာခြင်းမဟုတ်ဘဲ အနိုင်ကျင့်မှုခံရ၍ တစ်ချောင်းပေါက်လာသည့်အခါ ကျွန်ုပ်၏သဘာဝသည် ချဉ်တူးသောအဖြစ်သို့ရောက်ပြီး သူတစ်ပါးနှိပ်စက်ချင်စရာဖြစ်လာ၍ နောက်တစ်ချောင်းပေါက်စေဖို့ ဖန်တီးပေးသကဲ့သို့ရှိနေ၏. . ."**

### ပြန်လည်သုံးသပ်ခြင်း

ကျွန်ုပ်သည် ဖခင်၏ကျပ်တည်းသောပဲ့ပြင်မှုနှင့် အငယ်ဆုံးကျောင်းသားလေးအဖြစ်နှင့် ကျောင်းသားကြီးများ၏ အနိုင်ကျင့်မှုများခံခဲ့ရခြင်းအတွက်ကြောင့် ကျွန်ုပ်၏သဘာဝ၌ ဆူးများပေါက်လာခဲ့ရပုံကို စာဖတ်သူတို့ နားလည်လောက်ပါပြီ။ ဆူးများသည် တစ်ပြိုင်နက်တည်းပေါက်လာခြင်းမဟုတ်ဘဲ အနိုင်ကျင့်မှုခံရ၍ တစ်ချောင်းပေါက်လာသည့်အခါ ကျွန်ုပ်၏သဘာဝသည် ချဉ်တူးသောအဖြစ်သို့ရောက်ပြီး သူတစ်ပါးနှိပ်စက်ချင်စရာဖြစ်လာ၍ နောက်တစ်ချောင်းပေါက်စေဖို့ ဖန်တီးပေးသကဲ့သို့ ရှိနေ၏။ သို့ဖြစ်သောကြောင့် "မရှိ၍ မလှူ၊ မလှူ၍မရှိ" ဟူသော စကားကဲ့သို့ (Vicious Circle) ဆူးပေါက်လေလေ၊ အနိုင်ကျင့်ချင်သူ ပေါ်များလေလေ၊ တိုး၍ ချဉ်တူးလေလေ၊ အနိုင်ကျင့်ချင်ကြလေလေ ဖြစ်လာခဲ့ရပါတော့သည်။ အကယ်၍ ကျွန်ုပ်သည် သာမန်ဖခင်တစ်ယောက်၏ ပဲ့ပြင်ခြင်းခံခဲ့ရသည်ဆိုပါက ကျွန်ုပ်၏ဖခင်ကဲ့သို့ လူရိုးလူကောင်းလေးတစ်ယောက်အဖြစ်နှင့် ဘဝဇာတ်သိမ်းကောင်းသိမ်းရချေမည်လောဟု တွေးတောမိပါသည်။ သို့ဆိုပါလျှင်လည်း နာမည်တစ်လုံးပေါ်ထွက်လာဖို့ ခဲယဉ်းလေမည်လော မပြောတတ်ပါ။ မြင်းသမားများပြောစကားကဲ့သို့ "အပြစ်လေးရှိမှ စွန့်ချင်ပြီး ထူးချွန်တတ်သည်" ဆိုသည့်အတိုင်း သူတစ်ပါးနှင့်မတူသော ကျွန်ုပ်၏တချို့အယူအဆများကို ဖော်ထုတ်၍ ရေးဝံ့ခြင်းမှာ ဖြူကောင်သဘာဝကြောင့် ဖြစ်လေသလော မပြောတတ်ပါ။ ထိုသို့သော အတွေးအခေါ်မျိုးဖြစ်ပေါ်ဖို့ပင် ခဲယဉ်းကောင်းခဲယဉ်းပါလိမ့်မည်။ သို့ဆိုလျှင် ကျွန်ုပ်သည် သောင်းပြောင်းစာရေးဆရာများ၏ အဆင့်အတန်းမှ လွန်မြောက်ဖို့ ခဲယဉ်းပေလိမ့်မည်။ ဆိုလိုခြင်းမှာ ဆူးများမပေါက်ခဲ့လျှင် ကျွန်ုပ်သည် မိရိုးဖလာအယူအဆတချို့ကို တော်လှန်ချင်သော စိတ်မျိုး ရှိကောင်းမှရှိပေမည်။ အကယ်၍ စိတ်ရှိစေကာမူလည်း ဖော်ထုတ်ရေးသားဝံ့ကောင်းမှ ဝံ့ပေလိမ့်မည်။

### ဖြူကောင်မှ ယုန်ကောင်သို့

ဤအတိုင်း ဟုတ်မှန်ခဲ့ပါလျှင် ကျွန်ုပ်၏ဆူးများသည် နှစ်ဖက်ချွန်ဆိုသောစကားကဲ့သို့ အကျိုးနှစ်မျိုးဖြစ်စေလျက်ရှိ၏။ တစ်ဖက်၌ တချို့လူများက ကျွန်ုပ်စာများသည် ကြွပ်ဆတ်မာကျောလှသောကြောင့် ဖတ်ချင်စဖွယ်မရှိဟု အပြစ်ဆိုခြင်းခံရ၏။ သတ္တိကောင်းသော လူငယ်တစ်ယောက်ကမူ ကျွန်ုပ်တို့ထံလာ၍ မျက်နှာချင်းဆိုင် ပြောပြဖူး၏။ (သို့ရာတွင် ထိုသူသည် နောင်တွင် အရေလည်သွားပါသည်ဟု ဝန်ခံသွားပါသည်)။ တခြားတစ်ဖက်၌ ကျွန်ုပ်သည် ထိုဆူးများကြောင့်ပင် ရဲရဲစဉ်းစားပြီး ရဲရဲထုတ်၍ ရေးဝံ့ခြင်း ဖြစ်ဟန်ရှိသည်။ ဆိုဗီယက်ယူနီယံသို့ သွား၍ မေတ္တာတရားပွားများခဲ့သည့်အချိန်မှစ၍ မူကား ကျွန်ုပ်၏ဆူးများသည် တဖြည်းဖြည်း အဖျားတုံးလာ၍ ယခုအချိန်တွင် အားလုံးကျွတ်ကွာကျပြီး ဖြူကောင်အဖြစ်မှ ယုန်ကောင်အဖြစ်သို့ရောက်ကာ ဘဝပြောင်းလာပြီဟု မျှော်လင့်ပါသည်။ ဤသို့ဆိုသော်လည်း ရေးဖို့လိုသည်ထင်လျှင် ရေးဝံ့သောသတ္တိကို ချန်ထား၍ ကြွပ်ဆတ်တင်းမာသောစာမျိုးရေးသားခြင်းမှ ရှောင်ရှားနိုင်လိမ့်မည်ဟူ၍သာ မျှော်လင့်ပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် ရှေးယခင်က မကျေမချမ်းဖြစ်ခဲ့ရဖူးသည့် ပုဂ္ဂိုလ်များနှင့်ပတ်သက်၍ ဆန့်ကျင်ဘက်(အာဃာတ) သဘောမျိုးကို လုံးဝပယ်စွန့်ပြီဟု ယုံကြည်လျက်ရှိပါသည်။

### ဝန်ခံချက်

ဤနေရာ၌ ရှင်းလင်းရန်တစ်ချက်ရှိပါသည်။ ကျွန်ုပ်သည် ရှေးယခင်က တချို့လူများအပေါ်တွင် အာဃာတထားခဲ့သည်ဟု ဝန်ခံရာရောက်သော်လည်း ကျွန်ုပ်၏တစ်သက်တာတွင် မည်သူ့အားမျှ ရန်ငြိုးထားပြီး ထိုသူတို့ ပျက်စီးရာပျက်စီးကြောင်းကို ကိုယ်ဖြင့်ပြုလုပ်ခြင်း၊ နှုတ်ဖြင့်ပြောဆိုခြင်း၊ စိတ်ဖြင့်ကြံစည်စိတ်ကူးခြင်းဟူ၍ မရှိခဲ့ဖူးခြင်းကို သစ္စာဆိုဝံ့ပါသည်။ အများဆုံးပြုလုပ်ခဲ့မိခြင်းမှာ မခံချင်သောအကြောင်းအရာကို စာဖြင့်ရေးသားဖော်ပြမိခြင်းမျှသာဖြစ်ပါသည်။ ပမာဆိုသော် သူရိယကိုသိန်းမောင်အကြောင်းနှင့်တပည့်ငွေဥဒေါင်းအကြောင်းကို ဤမှတ်တမ်းတွင် ထည့်သွင်းရေးသားဖူး၍ သိန်းဖေမြင့်အကြောင်းကို ငွေတာရီမဂ္ဂဇင်းတွင် ရေးခဲ့ဖူးသဖြင့် အတော်လေး နာကြသည်ဟု ကြားသိရသည်။ ကိုသိန်းမောင်နှင့် ငွေဥဒေါင်းတို့အကြောင်းမှာ ထိခိုက်နစ်နာစေလိုသော ရည်ရွယ်ချက်မရှိဘဲ ကျွန်ုပ်၏စိတ်ထဲ၌ ခံပြင်း၍ ခုလုခုလုရှိနေသောအခြင်းအရာကို တင်ပြခြင်းမျှသာဖြစ်ရာ ငွေတာရီမဂ္ဂဇင်းတွင် သိန်းဖေမြင့်အကြောင်းကိုရေးခဲ့ခြင်းမှာ နာအောင်ရေးထိုက်သည်ထင်၍ တမင်တကာ နာအောင်ရေးခဲ့မိခြင်းဖြစ်ကြောင်း ဝန်ခံပါသည်။ သိန်းဖေမြင့်အကြောင်းမှာ လက်လွန်ပြီဖြစ်၍ မတတ်နိုင်သော်လည်း ကိုသိန်းမောင်နှင့် ငွေဥဒေါင်းတို့အကြောင်းကိုမူ နောက်နောင်တွင် ထပ်မံရိုက်နှိပ်ခွင့်ရှိပါက စာမူမှ ထုတ်နုတ်ပစ်ပါမည်ဟု ကတိပြုပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

**ဤဂန္ထဝင်စာပေပြီးဆုံးပါက စာရေးဆရာမ မစန္ဒာ၏ "အရိပ်"ဝတ္ထုအား ဆက်လက်ဖော်ပြပါမည်။**

---

## မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်လှစ်

မုံရွာ နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှကြီးမှူး၍ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်ပွဲကို နိုဝင်ဘာလ ၂၁ ရက်တွင် မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကနီမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်တန်းပို့ချချက်များကို စိတ်ပါဝင်စားစွာမှတ်သားလိုက်နာ ဆောင်ရွက်မှသာ လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲမရှိ အဆင်ပြေချောမွေ့နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကနီမြို့နယ်နှင့်ဆားလင်းကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက မဲရုံအဖွဲ့ဝင်ခန့်အပ်လွှာနှင့် လုပ်ငန်းလမ်းညွှန်စာအုပ်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ MMP စနစ်၊ ရပ်/ကျေးလုပ်ငန်းလမ်းညွှန်နှင့် မဲစာရင်းပြုစုခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ မဲရုံသရုပ်ပြခြင်း၊ ရွေးကောက်ပွဲပြစ်မှု၊ ပြစ်ဒဏ်၊ ရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ရေးဥပဒေ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့လုပ်ငန်းလမ်းညွှန်၊ မဲပေးစက်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာနည်းလမ်းများ၊ မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့်ပုံစံများ ဖြည့်သွင်းခြင်းတို့ကို နိုဝင်ဘာလ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။



ချမ်းမြေ့

# ပါကစ္စတန်သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာတာရိခ်ကာရီးမ်အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာတာရိခ်ကာရီးမ်အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအဖြစ်ခန့်အပ်ခြင်း ခံရမှုအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံအကြားရှိရင်းစွဲ ဆက်ဆံမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှု၊ စိုက်ပျိုးရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်း၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍများအပါအဝင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပါကစ္စတန်သံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ထိုင်းနိုင်ငံစီးပွားရေးသံမှူး ဦးဆောင်သော Thai Business Association of Myanmar ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ တွေ့ဆုံဆွေးနွေး



နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌဦးသက်ထွန်းအောင်နှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံစီးပွားရေးသံမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းသံရုံးမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိထိုင်းစီးပွားရေးအသင်း (Thai Business Association of Myanmar) မှအဖွဲ့ဝင်များကို ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမဟုတ်သည့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများအရ သွင်းကုန်လိုင်စင်လျှောက်ထားခြင်း၊ ထိုင်းဘတ်ဖြင့် ငွေပေးချေမှုများ၊ ရင်းနှီးမြှုပ်နှံမှုပြုရာတွင် ထိုင်းဘတ်ဖြင့် ဆောင်ရွက်လိုသည့်ကိစ္စ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ သိရှိလိုသည့် အချက်များ ဆွေးနွေးသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက နိုင်ငံခြားငွေနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်ပေးနေသော ကိစ္စရပ်များ၊ နှစ်နိုင်ငံဘဏ်များအကြား ဆောင်ရွက်ရန်လိုအပ်ချက်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ FX Trading Platform မှ ဈေးကွက်အခြေခံ၍ နိုင်ငံခြားငွေရောင်းဝယ်ပြုလုပ်နေသည့်အခြေအနေများ၊ နှစ်နိုင်ငံငွေကြေးအသုံးပြု၍ ကုန်သွယ်မှုဆောင်ရွက်နေသည့်အခြေအနေများအပါအဝင် ငွေရေးကြေးရေးကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှုများကို ရင်းနှီးစွာ တွေ့ဆုံ၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr.Abhay Thakur နှင့်အဖွဲ့အား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး လက်ခံတွေ့ဆုံ

ဘားအံ နိုဝင်ဘာ ၂၁

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E .Mr. Abhay Thakur နှင့်အဖွဲ့ကို ပြည်နယ်အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကရင်ပြည်နယ်နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကို အမြစ်ပြတ်ဖယ်ရှားရှင်းလင်းရာတွင် ပိတ်မိနေသော အိန္ဒိယနိုင်ငံသားများအား အကူအညီပေးနိုင်ရေး၊ အိန္ဒိယနိုင်ငံအနေဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ခရီးသွားကဏ္ဍနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ မတည်ငွေဖြင့် တည်ဆောက်ပြီးစီးသည့် ဘားအံမြို့နယ်ခြံကလေးကျေးရွာရှိ ပညာဥယျာဉ်စာကြည့်တိုက်ကိုဖွင့်လှစ်ပေးပြီး ဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသည့် ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စာကြည့်တိုက်အတွင်း သုတ၊ ရသစာအုပ်စာစောင်များ ခင်းကျင်းထားရှိမှု၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံများ စာပေလာရောက်လေ့လာဖတ်ရှုနေမှုများကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မျိုးဆက်သစ်လူငယ်များကို စာပေဖတ်ရှုလေ့လာနိုင်အောင်၊ စာဖတ်သည့်အလေ့အထစွဲမြဲအောင် တိုက်တွန်းကြစေလိုကြောင်း ပြောကြား၍ ပညာဥယျာဉ်စာကြည့်တိုက်အတွက် ငွေပဒေသာပင်များ၊ စာအုပ်စာစောင်များ လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်းသူကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကပ်ထားကြေညာမှုကို ကြည့်ရှုအားပေးပြီး ခြံကလေးအောင်ရတနာကျောင်းတိုက်ဆရာတော်ကို ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို လျှောက်ထားတင်ပြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မအလှူငွေများနှင့် အဆိုပါဘုန်းတော်ကြီးကျောင်းတွင် နေထိုင်ပညာသင်ကြားနေသော Grade-10 မှ Grade-12 အထိ ကျောင်းသား၊ ကျောင်းသူ ၂၆၇ ဦးအတွက် ဆန်၊ ဆီနှင့်ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# (၂၄) ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာညီလာခံနှင့် (၅၃)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီအစည်းအဝေးများ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

(၂၄)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာညီလာခံနှင့် (၅၃)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီအစည်းအဝေးများကို မြန်မာနိုင်ငံဘဏ်များအသင်းက အိမ်ရှင်အဖြစ် နိုဝင်ဘာလ ၁၉ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပသည်။



(၅၃)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အာဆီယံနိုင်ငံဘဏ်အသင်းများမှ ကိုယ်စားလှယ်စုစုပေါင်း ၁၃၀ ကျော် တက်ရောက်ကြပြီး အစည်းအဝေးတွင် အာဆီယံဘဏ်များအသင်း၏ (၅၂)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီ အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုကြကာ နိုဝင်ဘာလ ၂၀ ရက်တွင် ကျင်းပခဲ့သော အမြဲတမ်းကော်မတီ (၃) ရပ်ဖြစ်သည့် Cooperation in Finance, Investment, Trade and Technology Committee (COFITT), ASEAN Inter-Regional Relation Committee (ASEAN IRR) နှင့် Banking Education Committee တို့၏ အစည်းအဝေးအစီရင်ခံစာများကို အတည်ပြုကြသည်။

ထို့နောက် အာဆီယံဘဏ်များအသင်း အလှည့်ကျဥက္ကဋ္ဌတာဝန်ကို လက်ရှိ ဖိလစ်ပိုင်နိုင်ငံဘဏ်များအသင်းက စင်ကာပူနိုင်ငံဘဏ်များအသင်းသို့ တာဝန်လွှဲအပ်ခြင်းနှင့် (၅၄)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီ အစည်းအဝေးကျင်းပမည့်ကာလနှင့် နေရာတို့ကို ဖိလစ်ပိုင်နိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ၂၀၂၆ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပရန် လျာထားသတ်မှတ်ကြောင်း ကြေညာပြီး အာဆီယံဘဏ်များအသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ကိုမိုး

# အာဆီယံ-တရုတ် ရက်သတ္တပတ် (၂၀၂၅) အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




နေပြည်တော် နိုဝင်ဘာ ၂၁

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူးကျန့်ပြည်နယ် ဖူကျိုးမြို့တွင် နိုဝင်ဘာလ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံ-တရုတ်ရက်သတ္တပတ်(၂၀၂၅)အခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိသည်။

အာဆီယံ-တရုတ်ရက်သတ္တပတ်(၂၀၂၅) အခမ်းအနားသို့အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ အဆင့်မြင့်အစိုးရအရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံတမန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ်များနှင့် မီဒီယာများ စုစုပေါင်း ကိုယ်စားလှယ် ၃၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနား၌ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က တရုတ်နိုင်ငံ ဖူကျိုးမြို့၌ "မိမိတို့၏တူညီသောအနာဂတ် - အာဆီယံ မျှော်မှန်းချက် (၂၀၄၅)နှင့် တရုတ်နိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ကို ချိတ်ဆက်ပေးခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ်ရက်သတ္တပတ်(၂၀၂၅)သို့ တက်ရောက်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် တရုတ်နိုင်ငံအစိုးရ၊ ဖူးကျန့်ပြည်နယ်အာဏာပိုင်များနှင့် အာဆီယံ-တရုတ်စင်တာ (ACC)တို့အား အခမ်းအနားကိုစီစဉ်ပြုလုပ်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ အခမ်းအနားသည် အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ရေရှည်တည်တံ့သော မိတ်ဖက်ဆက်ဆံရေးနှင့် တက်ကြွ၍အားလုံးပါဝင်ပြီး ကြွယ်ဝချမ်းသာသည့် အနာဂတ်ဆီသို့ လျှောက်လှမ်းရာ ခရီးလမ်းကို ထင်ဟပ်လျက်ရှိကြောင်း၊ အာဆီယံ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြွယ်ဝချမ်းသာရေးဆိုင်ရာ ဘုံရည်မှန်းချက်အောက်တွင် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးမှုနှင့် အပြန်အလှန်ယုံကြည်မှုများ ပိုမိုတိုးမြင့်လာမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အာဆီယံ-တရုတ်ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးအဖြစ် မြန်မာနိုင်ငံက တာဝန်ယူစဉ်အတွင်း "အာဆီယံ-တရုတ် ဘက်စုံ မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး" သို့ အဆင့်မြှင့်တင်နိုင်ခဲ့သဖြင့် အာဆီယံ-တရုတ်ဆက်ဆံရေးတွင် သိသာထင်ရှားသော မှတ်တိုင်တစ်ခုစိုက်ထူနိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှု၊ စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်ချိတ်ဆက်မှု၊ လူငယ်နှင့် အဏ္ဏဝါစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူချင်းဖလှယ်မှုများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အာဆီယံနှင့် တရုတ်နိုင်ငံတို့၏ အပြန်အလှန်ကတိကဝတ်ကိုအလေးထား၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ AI အစီအစဉ်ကိုလည်း ကြိုဆိုပြီး နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် တန်းတူညီမျှ၍ တာဝန်ယူမှုရှိရန် အရေးကြီးကြောင်း၊တရုတ်နိုင်ငံ၏ခိုင်မာသောထောက်ခံအားပေးမှုနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုတို့အတွက် မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို အာဆီယံ-တရုတ်အဖြေရှာမှု၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့်ဉာဏ်ရည်တုနည်းပညာ ဒစ်ဂျစ်တယ်စီးပွားရေးခေါင်းစဉ်များဖြင့် ပြုလုပ်သည့် အဆင့်မြင့်ဆွေးနွေးပွဲများ၊ အာဆီယံ-တရုတ် အဏ္ဏဝါစီးပွားရေးနှင့် ပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လူငယ်ဖိုရမ်၊ "Two Countries, Twin Parks" Model ဖြင့် အာဆီယံ-တရုတ်စက်မှုနှင့် ထောက်ပံ့ပို့ဆောင်မှုကွင်းဆက် ပေါင်းစည်းဆက်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ဖလှယ်ရေးဆိုင်ရာ အခမ်းအနား၊အာဆီယံ-တရုတ်စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖိုရမ်တို့သို့ပါဝင်တက်ရောက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးသည် ဖူးကျန့် ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာကျောက်လောင်နှင့် အာဆီယံ-တရုတ်စင်တာ အတွင်းရေးမှူးချုပ် မစ္စတာရှိကျုံးကျွင့်တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အာဆီယံ-တရုတ်ရက်သတ္တပတ်ကို ၂၀၂၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင်ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ယခုနှစ်တွင် "Our Shared Future: Bridging ASEAN 2045 and Chinese Modernization" ခေါင်းစဉ်ဖြင့် တတိယအကြိမ်အဖြစ်လည်းကောင်းကျင်းပခြင်းဖြစ်သည်။ အာဆီယံ-တရုတ်ရက်သတ္တပတ်အခမ်းအနားများသည် အာဆီယံ-တရုတ်ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန် ရည်ရွယ်၍ အာဆီယံနှင့် တရုတ် ပူးပေါင်းဆောင်ရွက်မှုများ လူထုအသိပညာပေးရာတွင် ထူးခြားသော အခန်းကဏ္ဍမှပါဝင်သည့် ပလက်ဖောင်းတစ်ခုဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်တရုတ်နိုင်ငံတို့အကြားစီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာတီထွင်ဆန်းသစ်မှု၊ ဉာဏ်ရည်တုနည်းပညာဆိုင်ရာကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရန် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ကြောင်းသိရသည်။

မြဝတီ

# မြစ်ဝကျွန်းပေါ်ဒေသ မဲခေါင်-လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာတိုးချဲ့ဆောင်ရွက်ခြင်းစီမံကိန်းအတွေ့အကြုံမျှဝေဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် "မြစ်ဝကျွန်းပေါ်ဒေသ မဲခေါင်-လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာတိုးချဲ့ဆောင်ရွက်ခြင်းစီမံကိန်း" ကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်၍ စီမံကိန်းကာလ ၂ နှစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယင်းစီမံကိန်းလုပ်ငန်းများ၏ အကျိုးသက်ရောက်မှု၊ ထိရောက်ကောင်းမွန်မှု၊ တွေ့ကြုံရသည့်အခက်အခဲများနှင့်အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဖော်ထုတ်ပြီး ပိုမိုပြည့်စုံကောင်းမွန်သည့်စီမံကိန်းဒီဇိုင်းများပေါ်ပေါက်လာစေရန် ရည်ရွယ်၍ အသိပညာမျှဝေဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် M-Gallery Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ပထမအတွင်းဝန် မစ္စတာကျန်းကျုန်းဟွာ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ) ဒုတိယဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စီမံကိန်းကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်သည်။

ဦးစွာ မြစ်ဝကျွန်းပေါ်ဒေသ မဲခေါင်-လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာတိုးချဲ့ဆောင်ရွက်ခြင်းစီမံကိန်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုမှတ်တမ်းတင် Video Clip ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယခုစီမံကိန်းသည် ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပြီး ပတ်ဝန်းကျင်ကျေးရွာများအထိပါ အကျိုးကျေးဇူးရရှိစေသည့် စီမံကိန်းဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် စီမံကိန်းလုပ်ငန်းများ၏ အကျိုးသက်ရောက်မှု၊ ထိရောက်ကောင်းမွန်မှု၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် အားသာချက်၊အားနည်းချက်များကိုသုံးသပ်ဖော်ထုတ်ပြီး ပိုမိုပြည့်စုံကောင်းမွန်သည့် စီမံကိန်းဒီဇိုင်းများ ပေါ်ပေါက်လာစေရန် အတွေ့အကြုံမျှဝေခြင်း၊ သုံးသပ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အနာဂတ်လုပ်ငန်းစဉ်များအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မဲခေါင်-လန်ချန်းပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)၏ ဒုတိယဥက္ကဋ္ဌက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်/တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများ၊ ဆက်စပ်ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စီမံကိန်းဝန်ထမ်းများ၊ စီမံကိန်းကျေးရွာသူ၊ ကျေးရွာသားများမှ Panel Session များ၊ Group Discussion တို့ဖြင့် စီမံကိန်းအတွေ့အကြုံ မျှဝေဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့၌ စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း တက်ရောက်အောင်မြင်ပြီးသူများ၏ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေမှု၊ အေးချမ်းသာ စံပြကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကဆောင်ရွက်ပေးခဲ့သော ကျေးရွာတွင်းလမ်း အရှည် ၁ ဒသမ ၇ ဖာလုံအပိုင်း(၁) ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကျေးရွာတွင်းလမ်း အရှည် ၃ ဒသမ ၅ ဖာလုံအပိုင်း(၂) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပြီးစီးမှု၊ မြောက်မြို့ကျေးရွာအုပ်စု ဒဟတ်ကုန်းကျေးရွာရှိ လင်းရောင်ခြည်လယ်ယာစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူများ၏ လယ်မြေ ၂၀၃ ဧကတွင် စိုက်ပျိုးခဲ့သော RAKA-၆၆၆ အထွက်ကောင်း ချည်မျှင်ရှည်ဝါမျိုးများ ခူးဆွတ်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့ လှချည်မျှင်ထုတ်လုပ်ရေးသမဝါယမအသင်း၏ "လှ" ဝါကြိတ်စက်ရုံနှင့် စက်ရက်ကန်းရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် သမဝါယမအသင်းဥက္ကဋ္ဌနှင့် စက်ရုံတာဝန်ခံတို့က စက်ရုံဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စက်ရုံဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဝါကြိတ်စက်ရုံနှင့် စက်ရက်ကန်းရုံအတွင်း လိုက်လံလှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



မြဝတီ

# ဂျပန်ဝန်ကြီးချုပ် Mrs. Takaichi ၏ ထိုင်ဝမ်အရေးနှင့်ပတ်သက်၍ ပြောကြားချက်အပေါ် မီဒီယာများ၏မေးမြန်းချက်များအား အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်



ဒီနေ့မှာတော့ ဂျပန်ဝန်ကြီးချုပ်အသစ်ရဲ့ ထိုင်ဝမ်အရေးနဲ့ပတ်သက်ပြီး ပြောကြားချက်အပေါ် မြန်မာနိုင်ငံရဲ့ သဘောထားကို မီဒီယာများရဲ့မေးမြန်းချက်ကို ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

ဂျပန်ဝန်ကြီးချုပ်အသစ်ရဲ့ ထိုင်ဝမ်အရေးနဲ့ပတ်သက်ပြီး ပြောကြားချက်များကို ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာမီဒီယာတွေမှာ တွေ့လိုက်ရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ မြန်မာနိုင်ငံရဲ့ သဘောထားရပ်တည်ချက်ကတော့ နံပါတ်တစ် မြန်မာနိုင်ငံအစိုးရဟာ တရုတ်နိုင်ငံရဲ့ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို ခိုင်မာစွာ ထောက်ခံရပ်တည်လျက်ရှိပါတယ်။ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)အပေါ် မြန်မာနိုင်ငံက ခိုင်မာစွာ ထောက်ခံရပ်တည်လျက်ရှိကြောင်းကို မြန်မာနိုင်ငံယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တရုတ်နိုင်ငံခေါင်းဆောင်များနှင့်တွေ့ဆုံရချိန်တိုင်းမှာ ထပ်လောင်းအတည်ပြု ခိုင်မာစွာ ပြောကြားခဲ့ပါတယ်။ နံပါတ်နှစ်အချက်အနေနဲ့ကတော့ တရုတ်-မြန်မာနှစ်နိုင်ငံဟာ အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး မဟာဗျူဟာမိတ်ဖက်နိုင်ငံများနဲ့ အေးအတူပူအမျှအသိုက်အဝန်းကို တည်ဆောက်နေတဲ့နိုင်ငံများဖြစ်ပါတယ်။ ဒီအချက်အပေါ်မှာ မြန်မာနိုင်ငံက အထူးအလေးထား တန်ဖိုးထားပါတယ်။ နံပါတ်သုံးအချက်အနေနဲ့ကတော့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ချက်ရဲ့ ပထမအချက်ပါအတိုင်း တရုတ်နိုင်ငံရဲ့ နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအပေါ်မှာ မြန်မာက လေးစားပြီး ၎င်းအချက်အပေါ်မှာကာကွယ်ခြင်းကို မြန်မာက အစဉ်အမြဲထောက်ခံရပ်တည်လျက်ရှိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မြဝတီ

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၇၅၄ တွဲရောင်းချရ





နေပြည်တော် နိုဝင်ဘာ ၂၁

၂၀၂၅ ခုနှစ် အကြိမ်(၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်း( အုပ်စုအေနှင့် အုပ်စုဘီ )တို့မှ အတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၇၅၄ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြပွဲဆဋ္ဌမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ် ၁၀၀၁ မှ ၂၀၀၀ အထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ယနေ့ ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးပြီး ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

ယခုပြပွဲအတွင်း ပုလဲအတွဲပေါင်း ၄၄၃ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၇ တွဲ ရောင်းချခဲ့ရပြီး ယနေ့ပြပွဲ ပဉ္စမနေ့တွင် ကျောက်စိမ်း( အုပ်စုအေနှင့်အုပ်စုဘီ )တို့မှ ကျောက်စိမ်းအတွဲပေါင်း ၇၅၄ တွဲတို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့ကာ ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် နိုဝင်ဘာလ ၂၆ ရက်အထိ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ





➜ ရှေ့ဖုံးမှအဆက်

သက်ဆိုင်ရာ အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးရန် ဆောင်ရွက်ခဲ့ပါသည်။

၂။ အဆိုပါနေ့ရက်များအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ မဲပေးပိုင်ခွင့်ရှိသည့် ကျောင်းသား၊ ကျောင်းသူများသည်သက်ဆိုင်ရာရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ ခွဲရုံးများတွင် ကြိုတင်ဆန္ဒမဲများ လာရောက်ပေးခဲ့ကြသည်။ သတ်မှတ်ကာလအတွင်း လာရောက်ကြိုတင်ဆန္ဒမဲပေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂၈၃၃၉ ဦးရှိကြောင်းသတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**၂၁-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၀˚c | / | ၃၃˚c |
| ရန်ကုန် | ၂၁˚c | / | ၃၃˚c |
| မန္တလေး | ၂၀˚c | / | ၃၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　နိုဝင်ဘာ　၂၁

**ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဦးက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၂၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ဒေါက်တာခင်မောင်ဦး(ဥက္ကဋ္ဌ၊ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ)

**လေးစားအပ်ပါသော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းရှင်လူ ကျေးဇူးရှင် မိဘပြည်သူများခင်ဗျာ...**

ကျွန်တော်ကတော့ ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဦး ဖြစ်ပါတယ်ခင်ဗျာ...

ကျွန်တော်တို့ ပါတီပေါ်ပေါက်လာပုံကတော့ အဓိကဖွဲ့စည်းတည်ထောင်ရတဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ပြန်လည်ရင်ကြားစေ့ပြီး ညီညီညွတ်ညွတ်နဲ့ အတူတကွ ပူးပေါင်းနေထိုင်ကြပြီး နိုင်ငံ့ဝန်ထမ်းအားလုံးနဲ့ အခြေခံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကထားပြီး ဖွဲ့စည်းတည်ထောင်ခဲ့ရခြင်းသာဖြစ်ပါတယ်...

နိုင်ငံရေးမိတ်ဖက်ပါတီတွေနဲ့ပူးပေါင်းပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးနဲ့ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူတစ်ရပ်လုံးအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရေး ကဏ္ဍတွေမှာတစ်ထောင့်တစ်နေရာကနေ အတူလက်တွဲ ပူးပေါင်းဆောင်ရွက်သွားမှာလည်းဖြစ်ပါတယ်...

**လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျာ...**

ကျွန်တော်တို့ပြည်သူတွေဟာ ပဋိပက္ခအမျိုးမျိုး ရင်ဆိုင်ကြုံတွေ့ခဲ့ရတာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံရေးနှင့်ပတ်သက်ပြီး ပဋိပက္ခတွေဖြစ်လာပြီဆိုရင် ဦးစွာဒုက္ခခံစားရမှာကတော့ ကျွန်တော်တို့ ပြည်သူတွေပဲဖြစ်ပါတယ်။ ထိုကဲ့သို့သော နိုင်ငံရေးပဋိပက္ခတွေဖြစ်မလာအောင် မိမိတို့ယုံကြည်ချက်ဖြင့် လက်နက်ကိုင်တော်လှန်ရေးလုပ်နေသော တိုင်းရင်းသားများနှင့် အဖွဲ့အစည်းအမျိုးမျိုးတို့ကို တွေ့ဆုံစည်းရုံးညှိနှိုင်းပြီး မိဘပြည်သူများနှင့်အတူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အေးချမ်းသာယာဝပြောသောနိုင်ငံတော်ကြီး ပြန်လည်တည်ဆောက်ရန် ကျွန်တော်တို့ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ(UADP)ဟာ ယခုကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ပါဝင်ရွေးကောက်ခံခြင်းဟာ အဓိကရည်ရွယ်ချက်ပဲဖြစ်ပါတယ်ခင်ဗျာ။

**လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျာ...**

ကျွန်တော်တို့ပါတီအနေဖြင့် တပ်မတော်အပေါ်ထားရှိသည့် သဘောထားကတော့......

အစဉ်အလာကြီးမားသည့် မြန်မာ့တပ်မတော်သည် ကောင်းမွန်သော ဒီမိုကရေစီစနစ် ရင့်ကျက်ခိုင်မာရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင်ပါဝင်နေပြီး အမျိုးသားရေးစည်း၊ အမျိုးသားရေးအကျိုးစီးပွားကို အစဉ်အလာမပျက်ကာကွယ်ပေးသည့် အမျိုးသားအင်အားစုကြီးတစ်ရပ်အဖြစ် သတ်မှတ်ရမှာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီရှိ ဝင်ရောက်အရွေးခံမည့် ကိုယ်စားလှယ်လောင်းတွေသာ ပါဝင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံရေး ပဋိပက္ခများ အမြန်ဆုံးချုပ်ငြိမ်းပြီး မိဘပြည်သူများ မိမိတို့၏နေ့စဉ်လူနေမှုဘဝ လုံခြုံမှုပြန်လည်ရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ကြွယ်ဝစေရန်အလို့ငှာ တိုင်းရင်းသားလက်နက်ကိုင်အသီးသီး မိမိတို့၏ယုံကြည်ရာဖြင့် လက်နက်စွဲကိုင်နေကြသော အဖွဲ့အစည်းအသီးသီးတို့နှင့်တွေ့ဆုံပြီး ငြိမ်းချမ်းရေးကတိကဝတ်များပေးကာ ငြိမ်းချမ်းရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဖော်ဆောင်နိုင်သောကော်မရှင်တစ်ရပ်ဖွဲ့စည်းကာ လက်နက်ကိုင်အဖွဲ့အစည်းအမျိုးမျိုးနှင့် တပ်မတော်ကြီးတို့အား ချိတ်ဆက်ဆောင်ရွက်ပေးနိုင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းအကောင်အထည်ဖော်ဖို့ကိုလည်း တပ်မတော်ကြီးနှင့် ပူးပေါင်းဆောင်ရွက်သွားမှာလည်းဖြစ်ပါတယ်ခင်ဗျာ..

**လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျာ**

ကျွန်တော်တို့ပါတီ၏ မူဝါဒလမ်းစဉ်အနေဖြင့်......

ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး လက်နက်ကိုင်ပဋိပက္ခကို ချုပ်ငြိမ်းပြီး ငြိမ်းချမ်းစေပြီး ညီညီညွတ်ညွတ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရန်ဟူသောမူဝါဒကို လက်ကိုင်ထားရှိသည့် ပါတီအဖြစ်လည်းကောင်း၊

(Ethnic Centered Approach) ECA ဟူသော တိုင်းရင်းသားအားလုံးကို ဗဟိုပြုပြီး ဆွေးနွေးညှိနှိုင်းသော မူဝါဒကိုကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကိုတည်ဆောက်ရန်ဟူသော သန္နိဋ္ဌာန်ချထားသောပါတီအဖြစ်လည်းကောင်း၊

တိုင်းရင်းသားအားလုံးနှင့်အတူလက်တွဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရန်အတွက် တိုင်းရင်းသားများ၏လာရောက်ဆက်သွယ်လာမှုအား မစောင့်စားဘဲ ECA နည်းကိုကျင့်သုံးသွားမည့်ပါတီအဖြစ်လည်းကောင်း မိမိတို့အဖွဲ့အစည်းက လက်နက်ကိုင်တိုင်းရင်းသားများ၊ လက်နက်ကိုင်အဖွဲ့အစည်းများထံသို့သွားရောက်၍ တွေ့ဆုံဆွေးနွေးအဖြေရှာမှုမျိုးကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါတယ်ခင်ဗျာ...

ဒါ့အပြင် လက်နက်ကိုင်တိုင်းရင်းသားတို့နှင့် နိုင်ငံတော်၏ပြည်သူပြည်သားများအတွက် လုံခြုံရေးနှင့်ကာကွယ်ရေးအတွက် ကျရာနေရာမှာ တာဝန်ထမ်းဆောင်နေသော မြန်မာ့တပ်မတော်နှင့် ဆွေးနွေးညှိနှိုင်းမှုများကိုပြုလုပ်ပေးနိုင်ရန်နှင့် ခဲရာခဲဆစ်ဖြင့် တည်ဆောက်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးအောင်မြင်စေရန် ဆောင်ရွက်ကြမည့် ကျွန်တော်တို့ ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏လွှတ်တော်ကိုယ်စားလှယ်လောင်းများကို လွှတ်တော်အတွင်း ဝင်ရောက်စေဖို့ရာ နိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများ၏ အသည်းကြားကမဲတစ်ပြားနှင့် ပို့ဆောင်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်ခင်ဗျာ...

**လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျာ...**

ကျွန်တော်တို့ပါတီအနေဖြင့်

ညီညွတ်မှပြည်သာမည်၊ ညီညွတ်မှအေးချမ်းမည်၊ ညီညွတ်မှတိုးတက်မည်ဖြစ်သော -

ညီညွတ်မှုသည် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးရှုထောင့်တရားများအတွက် အခြေခံကျောက်တုံးပမာသာဖြစ်ပါတယ်... မြန်မာပြည်သူပြည်သားများအားလုံး၏အခွင့်အလမ်းများ၊ ဂုဏ်သိက္ခာနှင့် အနာဂတ်အဆင့်မြင့်မှုတို့ကို ညီမျှစွာတည်ဆောက်သွားရန်လည်း စိတ်အားထက်သန်ရပါသည်...ခင်ဗျာ

မိမိတို့ပါတီ၏လမ်းစဉ်အနေဖြင့်

**ပထမ**ဆုံးအနေဖြင့် ညီညွတ်မှပြည်သာမည်ဖြစ်သော - လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုမရွေး ဆင်တူညီမျှသော အခွင့်အလမ်းများဆောင်ရွက်ပေးနိုင်ခြင်း၊ အမျိုးသားညီညွတ်ရေးကိုအခြေခံ၍ အမျိုးသားအဆင့် အပြည်ပြည်ဆိုင်ရာမိတ်ဆွေများပေါ်ပေါက်နိုင်ရေး တည်ဆောက်ခြင်း၊

**ဒုတိယ**အနေဖြင့် ညီညွတ်မှဖွံ့ဖြိုးမည်ဖြစ်သော စီးပွားရေးစနစ်တရားများအား မူတည်ပြီး MSME (အသေးစား အလတ်စားလုပ်ငန်းများ) ကို အားပေးခြင်း၊ အခြေခံပညာ၊ အထက်တန်းပညာနှင့် နည်းပညာသိပ္ပံပညာစနစ်များကို တိုးတက်စေရန် အသစ်ပုံစံဖော်ဆောင်ခြင်း၊ စက်မှုလယ်ယာ၊ ကူးသန်းရောင်းဝယ်ရေးနှင့် နည်းပညာသစ်များအထိ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊

**တတိယ**အနေဖြင့် ညီညွတ်မှအေးချမ်းမည်ဖြစ်သော - စစ်ရေးအဓိကမဟုတ်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အစည်းအဝေးအားဆောင်ရွက်ခြင်း၊ ပြည်သူများအားလုံး၏ ဘေးကင်းလုံခြုံမှုကို ဦးစားပေးဆောင်ရွက်ခြင်း၊ ငြိမ်းချမ်းသာယာသော လူမှုဘဝတည်ဆောက်ခြင်း၊




**စတုတ္ထ** အနေဖြင့် ညီညွတ်မှတိုးတက်မည်ဖြစ်သော - လမ်းပန်းဆက်သွယ်ရေးနှင့်အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အား ဆောင်ရွက်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများတိုးပွားစေရန် နိုင်ငံအတွင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖွင့်လှစ်ခြင်း၊ လူငယ်နည်းပညာသိပ္ပံပညာရှင်များအတွက် နိုင်ငံအဆင့်အခွင့်အလမ်းများပေးနိုင်အောင်ဆောင်ရွက်ခြင်း၊

**ပဉ္စမ**အနေဖြင့် ညီညွတ်မှုမှ ရွှေရောင်အနာဂတ်ပန်းတိုင်ဆီသို့ဖြစ်သော တိုးတက်မှု၊ အေးချမ်းမှု၊ ညီညွတ်မှုတို့ကို ပေါင်းစည်းထားသည့် "ရွှေရောင်အနာဂတ်" သို့ ဦးတည်နိုင်ရန်အတွက် ကျွမ်းကျင်ပညာရှင်များတိုးပွားပြီး အခွင့်အလမ်းတူညီသည့် လူမှုရေးအဖွဲ့အစည်းများတည်ဆောက်ခြင်း၊ မြန်မာပြည်ကြီး နိုင်ငံတကာတွင် ဂုဏ်သိက္ခာမြင့်မားစေရန်အတွက် တတ်သိပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်ခင်ဗျာ...

**လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျာ...**

ကျွန်တော်တို့ပါတီ၏ နိုင်ငံရေး**မူဝါဒ**လမ်းစဉ်အဖြစ် ......

မိမိတို့ပါတီသည် မြန်မာနိုင်ငံ၏ သမိုင်းဆိုင်ရာဖြစ်စဉ်များအပေါ်အခြေခံလျက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာလိုလားချက်များအပါအဝင် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးကို မှန်ကန်ထိရောက်စွာသယ်ပိုးဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲများတွင်ဝင်ရောက်ကာ ပြည်သူများ၏ အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်ပါတယ်...

- လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးခြင်း၊
- ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်ကို ဆက်လက်ကျင့်သုံးခြင်း၊
- ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း၊
- ဒေသအတွင်းအဖွဲ့အစည်းများတွင်လည်း တက်ကြွစွာပါဝင်မည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်မည်။ အိမ်နီးချင်းကောင်းပီသစွာ နေထိုင်ဆောင်ရွက်ခြင်း၊
- နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၏ပုံရိပ်ကောင်းမွန်ရေးကို အထူးအလေးထားဆောင်ရွက်ခြင်း၊
- နိုင်ငံတော်အချုပ်အခြာအာဏာကို ထိပါးလာသည့် မည်သည့်ပြည်ပစွက်ဖက်မှုမျိုးကိုမဆို ပြည်သူများနှင့်အတူ ဆန့်ကျင်ဆောင်ရွက်ခြင်း၊
- နိုင်ငံတော်တွင် အသိပညာရှင် အတတ်ပညာရှင်များအတွက် လွတ်လပ်စွာဖွံ့ဖြိုးတိုးတက်လာစေနိုင်သည့် အခြေအနေကောင်းများ ဖန်တီးဖြစ်ပေါ်စေရန်ဆောင်ရွက်ခြင်း၊
- ပညာရှင်များ၏ဖန်တီးမှုများနှင့်မူပိုင်ခွင့်များအား ခိုင်မာစွာအကာအကွယ်ပေးနိုင်ရေးကို ရပ်တည်ဆောင်ရွက်ခြင်း၊
- နိုင်ငံတော်၏အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများ၊ နယ်ပယ်အသီးသီးတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အရည်အချင်းနှင့်ကျွမ်းကျင်မှုများအလိုက် ထိုက်တန်စွာ တာဝန်ပေးဆောင်ရွက်နိုင်စေမည့် အခွင့်အလမ်းများကိုဆောင်ရွက်ခြင်း၊
- အသိပညာရှင်၊ အတတ်ပညာရှင်များ၏လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီမှုများပြုလုပ်ပေးသွားမည်။ နိုင်ငံတော်နှင့်အသိပညာရှင်၊ အတတ်ပညာရှင်များ၏အကျိုးစီးပွားအတွက်

**စာမျက်နှာ ၉ သို့ ➤**

➤ စာမျက်နှာ ၈ မှအဆက်

အဖွဲ့အစည်းများထူထောင်နိုင်ရေးကိုဆောင်ရွက်ခြင်း၊

- နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ အခြေခံလူတန်းစားများနှင့် နယ်ပယ်အသီးသီးတွင်ရှိကြသော ပြည်သူများအားလုံးအတွက် အိမ်ရာတိုက်ခန်းများအား ဈေးနှုန်းချိုသာစွာဖြင့် အရစ်ကျစနစ်ဖြင့်သော်လည်းကောင်း၊ လက်ငင်းဝယ်ယူခြင်းဖြင့်သော်လည်း ဆောက်လုပ်ရောင်းချနိုင်ရန် တွန်းအားပေးဆောင်ရွက်ခြင်း၊
- နိုင်ငံတော်မှ နိုင်ငံအနှံ့အပြားရှိပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန် အလို့ငှာ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အသား/ငါးများကို ရောင်းချနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်ခင်ဗျာ...

သို့ဖြစ်ပါ၍ မိမိတို့၏ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီသည် နိုင်ငံရေးပါတီအဖြစ်ရပ်တည်ဖို့ရာ နိုင်ငံရေးသမားများနှင့်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၊ လူမှုရေးပရဟိတအသင်းအဖွဲ့များစုပေါင်း၍ လူထုကြားမှ ပေါ်ထွန်းလာသော နိုင်ငံရေးပါတီဖြစ်ပါသောကြောင့် မိဘပြည်သူများ၏ အသည်းကြားကမဲတစ်ပြားသည် အနာဂတ်မြန်မာနိုင်ငံတော်ကြီးအတွက် မြေသြဇာကောင်းသဖွယ်သာဖြစ်ပါကြောင်းနှင့်

ညီညွတ်မှသာ အောင်မြင်မည်
ညီညွတ်မှသာ ဖွံ့ဖြိုးမည်
ညီညွတ်မှသာ အေးချမ်းမည်

ညီညွတ်မှသာ တိုးတက်မည်ဟုပြောကြားရင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းရှင်လူ ကျေးဇူးရှင်မိဘပြည်သူများအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာနှင့်ပြည့်စုံကြပြီး စီးပွားလာဘ်လာဘများ ပွင့်လန်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းမေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ...

**ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ(UADP)**
**တိုင်းရင်းသားအားလုံးတန်းတူညီမျှရေး ရည်ရွယ်ချက်**
**(Opening Song)**

ပြည်ထောင်စု...မြန်မာနိုင်ငံသားအားလုံး ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင် ငြိမ်းချမ်းသာယာစွာနေထိုင်နိုင်စေရေး ရေးရှုကာ လူမျိုးဘာသာဆင်းရဲချမ်းသာ ကျောသား/ရင်သားမခွဲခြားဘဲ တူညီစွာလူသားတိုင်းအခွင့်ရေးများအတွက် UADP

UADP ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီသည် အပြာရောင်နောက်ခံ မြန်မာနိုင်ငံပုံအလယ်ဗဟို၌ ညီညွတ်သောသင်္ကေတဖြစ်သည့် လက်ဆွဲနှုတ်ဆက်နေသည့်ပုံသဏ္ဌာန် ငြိမ်းချမ်းရေး ချိုးငှက်ငယ်သံလွင်ခက်အားကိုက်ချီကာရယ် မြန်မာပြည်ကြီး သာယာဝပြောစေဖို့ရယ် ပျံသန်းလာနေသည့်ဟန် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် အောင်သပြေခက်ဖြင့် ဝန်းရံလို့ထားသည်...

V1 အပြာရောင်သည်...ကောင်းကင်နှင့်ပင်လယ်ကြီးရဲ့ ငြိမ်းချမ်းရေးသက်သေအား ဖော်ညွှန်းသည်..

V2 အလံ၏အလယ်၌ အဖြူရောင်မြန်မာနိုင်ငံမြေပုံပါရှိရခြင်းမှာ... ငြိမ်းချမ်းသာယာပါစေလိုကြောင်း...အမှတ်သားဖြစ်သည်..

V3 မြန်မာနိုင်ငံကြီး ချိုးငှက်မှသံလွင်ခက်အားချီဆောင်ပျံသန်းလာခြင်းသည်... မြန်မာနိုင်ငံကြီး အမှန်ပင်ငြိမ်းချမ်းစွာနေထိုင်ကြရတော့မည်ဟု...ပုံဆောင်ခြင်းဖြစ်ပါသည်...

V4 လက်ဆွဲနှုတ်ဆက်နေသော....သင်္ကေတသည်... စည်းလုံးညီညွတ်ရေးကို ဖော်ကျူးပါသည်..

V5 အောင်သပြေခက်သည်...အောင်မြင်ခြင်းအထိမ်းအမှတ်အားကိုယ်စားပြုပါသည်...

**ဖြူစင်စိတ်ထားအရင်းခံ (UADP) အားမာန် (Closing Song)**

V1 ဘဝဟာပြင်ဆင်နိုင်ဖို့ခက်ခဲ...အဆုံးမှာနာကျင်စေဖို့သိပ်လွယ် ရှေ့ဆက်ကြမယ့်နေ့သစ်တွေ ဒီခွန်အားများနည်းခဲ့တယ်...

V2 နေ့စဉ် လူနေထိုင်မှုဘဝရယ် မပြည့်စုံလိုအင်တွေကများတယ် ကံအကျိုးပေးမကောင်းလို့ ချို့တဲ့သူတွေအတွက်...

Per နေ့သစ်တွေမှာ ကူညီပေးမယ်..တတ်နိုင်သမျှ ကယ်တင်သွားမယ်... လူသားတိုင်း အားလုံး မပြည့်ဝတောင်... တချို့တဝက်သက်သာမယ်...

Cho ပြည်သူတွေရဲ့အခွင့်အရေးများ UADP လှုပ်ရှားသွား အများအကျိုးအတွက်လေ ကြိုးစားလို့ရယ် တာဝန်တွေယူပေးမယ်... နေ့စဉ်ရှင်သန် အချိန်များအား အများပြည်သူများအတွက် ပုံပေးထား UADP ပါတီဝင်များရယ်... လက်တွေတွဲဆက်လို့ရယ်...ကြင်နာမှုများအား မျှဝေကြမယ်.

V3 UADP ပါတီဝင်တွေ တူညီစိတ်များရွေးချယ်ပါတီရဲ့အတောင်ပံတွေ ဖြန့်လို့ရယ်... ရည်မှန်းထားတဲ့ခရီးလမ်းကို တို့တစ်တွေကြိုးစားသွားကြမယ်...

V4 UADP ပါတီဝင်တွေရဲ့အားမာန် ဖြူစင်စိတ်ထား အရင်းခံ ကိုယ်ကျိုးအတွက်မငဲ့တဲ့ ပေးဆပ်သူတွေမို့...

## သမိုင်းဂုဏ်တည် မြန်မာပြည်

❖ အစဉ်လာ သမိုင်းကြောင်း
သမိုင်းကောင်း ရှိသက်သေ။
သာသနာ ရောင်ဝါလင်း
သန့်ရှင်းခဲ့ပေ။
ဖြူစိတ်ထား တိုင်းရင်းအဆွေ
ရိုင်းပင်းသလေ ရွှေလက်တွဲ။
သစ္စာတည် မေတ္တာမျှတယ်
ဝေငှနေမြဲ။

❖ တိုင်းရင်းအစုံ စိတ်ဝမ်းမကွဲ
ချစ်ကြည်မြဲ ထာဝစဉ်။
မွန်မြတ်သစ္စာ ခြုံကာသိုင်း
တို့တိုင်းဂုဏ်အင်။
အဘက်ဘက်က ပြင်ဆင်
ဆင်ခြင်လို့ အမြဲတွေး။
ကိုယ့်နိုင်ငံ ဖွံ့ဖြိုးကြောင်းကိုလ
စုပေါင်းဆောင်ပေး။

❖ ဖြစ်တည်လာ ခေတ်အဆက်ဆက်
လက်ချင်းဆက် စွမ်းဆောင်ကာ။
ကြိုးပမ်းညီ တွဲလက်မဖြုတ်
အားထုတ်လို့လာ။
တို့ချစ်သော ပြည်မြန်မာ
သာယာဖို့ အလေးထား။
ထည်ဝါဂုဏ် ခမ်းနားခြင်းရယ်ဖြင့်
ချစ်ခြင်းအပြည့် ဘာမထီပါပဲ
အာဇာနည် သူရဲကောင်းတွေနဲ့
စုပေါင်းအင်အား။ ။

**ချာန်လေး(ပညာရေး)**

# ပဲခူးမြို့နယ် မုက္ကလကျေးရွာကုန်ထုတ်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်



ပဲခူး နိုဝင်ဘာ ၂၁

ပဲခူးမြို့နယ် မုက္ကလကျေးရွာ၌ ကုန်ထုတ်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ယခုအခါ ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏အနီးကပ်ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါမုက္ကလကျေးရွာ ကုန်ထုတ်လမ်းသည် အရှည်ပေ ၄၆၂၀ ရှိပြီး ယခုအခါ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် တော်ဝင်ရွှေဖလားကုမ္ပဏီကတာဝန်ယူကာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ၁၈၈ ဒသမ ၈၄၃ သန်းဖြင့် ၄၆၂၀ ပေ x ၁၂ ပေ x ၁ ပေ ၉ လက်မ (တောင်မြေ+ဂဝံ)ခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး (တောင်မြေ+ ဂဝံ)ခင်းခြင်းလုပ်ငန်းပြီးစီးသွားပါက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၃၀ ဒသမ ၇၃၀ သန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

မုက္ကလကျေးရွာအုပ်စု မုက္ကလကျေးရွာ ကုန်ထုတ်လမ်းသည် မုက္ကလကျေးရွာပိုင်စိုက်ပျိုးမြေများကိုဖြတ်ပြီး ပဲခူး-ကျိုက်ပဒိုင်-တာဝ-ဖလေးကွန်ကရစ်လမ်းနှင့် ဆက်သွယ်သော လမ်းပိုင်းဖြစ်ကာ ကျေးရွာနေပြည်သူများက ဆိုင်ကယ်၊ မော်တော်ယာဉ်များဖြင့် အသုံးပြုကာသွားလာလျက်ရှိကြောင်း သိရသည်။

(၄၀၁)

MWD Education, Knowledge & Sports Channel

၂၂-၁၁-၂၀၂၅(စနေနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၈:၀၀ – ၁၀:၀၀ | Grade – 10 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၂:၀၀ – ၁၃:၅၅ | Grade – 10 | သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ |
| ၃။ | ၁၆:၀၀ – ၁၈:၀၀ | Grade – 10 | ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီဝင် |
| ၄။ | ၁၈:၀၀ – ၂၀:၁၀ | Grade – 10 | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ |

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့ပူးပေါင်းဆောင်ရွက်သော အလုပ်သင်အစီအစဉ်အရ တတိယနှစ်ကျောင်းသား၊ ကျောင်းသူ အလုပ်သင်မောင်မယ်များ နှုတ်ခွန်းဆက်အခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၁

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းဆောင်ရွက်သည့် လက်တွေ့လုပ်ငန်းခွင်အလုပ်သင်အစီအစဉ်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးတို့တွင် အလုပ်သင်ဆင်းသည့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ B.Com၊ B.Act၊ BBA အထူးပြုတတိယနှစ် ကျောင်းသား၊ ကျောင်းသူ အလုပ်သင်မောင်မယ်များအား နှုတ်ခွန်းဆက်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက အလုပ်သင်မောင်မယ်များအနေဖြင့်ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏အဓိကတာဝန်တစ်ရပ်ဖြစ်သော နိုင်ငံတော်အရအသုံးများ စစ်ဆေးခြင်းအပါအဝင် စာရင်းစစ်ချုပ်ရုံးများလိုက်နာရမည့် နိုင်ငံတကာစံ(ISSAIs) လိုက်နာဆောင်ရွက်မှု၊ ရုံး၏ဖွဲ့စည်းပုံအဆင့်ဆင့်၊ နိုင်ငံ့ဝန်ထမ်းများ လိုက်နာကျင့်သုံးရမည့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေးအတွက် ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ကြီးကြပ်မှုပြုလုပ်ရာတွင် လိုက်နာရမည့် ဘဏ္ဍာရေးစည်းမျဉ်းများ၊ ငွေစာရင်းထိန်းသိမ်းရေးနည်းလမ်းများ၊ စာရွက်စာတမ်းများကို လုံခြုံစွာကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် ရုံးစာရေးသားနည်းများ စသည်တို့ကို စနစ်တကျ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း။

ယခုအလုပ်သင်အစီအစဉ်တွင် ပညာရေးဝန်ကြီးဌာန၏ မဟာဗျူဟာတစ်ခုဖြစ်သည့် Industry နှင့် University ပေါင်းစပ်ဆောင်ရွက်သည့် အစီအစဉ်တစ်ခုလည်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါ်သန္တာလေးက ရုံးအလုပ်သင်ဆင်းမှုအစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အလုပ်သင်မောင်မယ် ၂၈ ဦးမှာ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှတတိယနှစ်(ဒုတိယနှစ်ဝက်) ကျောင်းသား၊ ကျောင်းသူများဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် လေးဦးနှင့် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးတွင် ၂၄ ဦး အလုပ်သင်ဆင်းကြသည်။

ယင်းနောက် အလုပ်သင်မောင်မယ်များကိုယ်စား ရန်ကုန်စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှ စာရင်းကိုင်ပညာကျောင်းသူ မခင်ပြည့်စုံအောင်က အလုပ်သင်အတွေ့အကြုံများနှင့် ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနနှင့် စီးပွားရေးတက္ကသိုလ်များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ၊ နေပြည်တော်စာရင်းစစ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# မြန်မာနိုင်ငံသစ်တောကျောင်း အခြေခံသစ်တောပညာသင်တန်း အမှတ်စဉ်(၁၁၈) သင်တန်းကျောင်းဆင်း စစ်ရေးပြအခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၁

ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်း (၂၀၂၄-၂၀၂၅)ပညာသင်နှစ်အခြေခံသစ်တောပညာသင်တန်း အမှတ်စဉ်(၁၁၈) ကျောင်းဆင်းစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံမြေတိုင်းကျောင်းအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းအုပ်ကြီး၊ ကျောင်းဆင်းသင်တန်းသားများနှင့်မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ထူးချွန်ဆုရသင်တန်းသားများနှင့် စစ်ရေးပြအကောင်းဆုံးတပ်ခွဲအား ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ပြီး မြန်မာနိုင်ငံသစ်တောကျောင်းသည် ၁၈၉၈ ခုနှစ်မှစပြီး အခြေခံသစ်တောပညာရပ်များကို သင်ကြားပို့ချပေးခဲ့ရာ ယခု ၁၂၇ နှစ်တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက် သစ်တောအမှုထမ်းကောင်းများစွာ မွေးထုတ်ပေးနိုင်ခဲ့ရာ ယနေ့အထိ ၆၆၉၂ ဦး ရှိပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံသစ်တောကျောင်းမှသင်တန်းသားများအား စာတွေ့၊ လက်တွေ့ ကျွမ်းကျင်တတ်မြောက်ပြီး စိတ်ဓာတ်၊ စည်းကမ်းနှင့် အကျင့်စာရိတ္တ တိုးတက်ကောင်းမွန်လာစေရန်၊ ပြည်သူလူထုနှင့်ပူးပေါင်းပြီး ပြည်သူ့အကျိုးသယ်ပိုးလိုစိတ်ရှိလာစေရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို စွမ်းဆောင်ရည်မြင့်မားစွာ တာဝန်ကျေပွန်သည့် ဝန်ထမ်းကောင်းများဖြစ်စေရန် သင်ကြားပို့ချခဲ့ကြောင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးအား အလံကိုင်တပ်ဖွဲ့နှင့် သင်တန်းဆင်းတပ်ခွဲများက စစ်ကြောင်းပုံစံဖြင့် ချီတက်အလေးပြု၍ စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသည်။

ထို့နောက် အခြေခံသစ်တောပညာသင်တန်းအမှတ်စဉ်(၁၁၈) သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို မြန်မာနိုင်ငံသစ်တောကျောင်း ကျွန်းရတနာခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော သင်တန်းသားများကို ဂုဏ်ပြုဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့်ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၀၀ | ၂၇၁၅ | ၂၆၈၀ | ၂၆၁၅ | ၂၇၂၀ | ၂၇၃၅ | ၂၇၅၀ | ၂၆၇၀ | ၄၅၀၅ | ၂၉၆၅ | ၂၆၉၀ | ၂၉၂၀ | ၂၇၆၀ | ၂၇၂၅ | ၂၇၄၅ | ၃၀၀၅ |
| 95 Ron | ၂၆၇၅ | ၂၇၉၀ | ၂၇၅၅ | ၂၆၉၀ | ၂၇၉၅ | ၂၈၁၀ | ၂၈၂၅ | ၂၇၄၅ | ၄၅၆၀ | ၃၀၄၀ | ၂၇၆၀ | ၃၀၀၀ | ၂၈၃၅ | ၂၈၀၀ | ၂၈၂၀ | ၃၀၈၀ |
| HSD (500 ppm) | ၂၅၅၅ | ၂၆၇၀ | ၂၆၃၅ | ၂၅၇၀ | ၂၆၇၅ | ၂၆၉၀ | ၂၇၁၀ | ၂၆၂၅ | - | ၂၉၂၀ | ၂၆၄၅ | ၃၃၀၅ | ၂၇၁၅ | ၂၆၈၀ | ၂၇၀၀ | ၂၉၆၀ |
| HSD (50 ppm) | ၃၀၉၅ | ၃၂၁၀ | ၃၁၇၅ | ၃၁၀၀ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၅ | ၃၁၆၅ | ၄၈၃၀ | ၃၄၆၀ | ၃၁၈၀ | ၃၃၅၀ | ၃၂၅၅ | ၃၂၂၀ | ၃၂၄၀ | ၃၄၉၅ |
| HSD (10 ppm) | ၃၀၉၅ | ၃၂၁၀ | ၃၁၇၅ | ၃၁၀၀ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၅ | ၃၁၆၅ | - | ၃၄၆၀ | ၃၁၈၀ | ၃၃၅၀ | ၃၂၅၅ | ၃၂၂၀ | ၃၂၄၀ | ၃၄၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၄၃ | ၂၅၂၆ |
| 95 Ron | ၂၅၁၅ | ၂၅၉၉ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၇၇ |
| HSD (50 ppm) | ၂၉၂၂ | ၃၀၁၀ |
| HSD (10 ppm) | ၂၉၂၂ | ၃၀၁၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇၊

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၁

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့်နိုင်ငံခြားစီးပွားဆက်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဒုတိယဝန်ကြီး ဦးသန့်စင်လွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး / ပြည်နယ် ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၏ အမျိုးသားစီမံကိန်းနှင့် နှစ်အလိုက်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များပြည့်မီအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာန၏ ကဏ္ဍအလိုက်ငါးနှစ်စီမံကိန်း (၂၀၂၆-၂၀၃၀) ကို လုပ်ငန်းစဉ်၊ မျှော်မှန်းချက်၊ စာရင်းအင်းတိကျမှန်ကန်ရေးကိစ္စရပ်များထည့်သွင်း၍ ပြင်ဆင်ရေးဆွဲဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေးသုံးပါး၊အမျိုးသားအကျိုးစီးပွားနှင့်အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်ကိုအခြေခံ၍ ဆောင်ရွက်ကြရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro- based Industries) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဦးစားပေးဖိတ်ခေါ် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက်အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍပူးပေါင်းဆောင်ရွက်နိုင်ရေးညှိနှိုင်းဆောင်ရွက်ပေးကြရန်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတစ်ရပ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ ဒေသတွင်းအဖွဲ့အစည်းများဖြစ်သော အာဆီယံ၊ GMS၊ ACMECS အဖွဲ့အစည်းများနှင့်မိတ်ဝတ်မပျက်ဆက်ဆံရေးဖြင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် မိတ်ဖက်နိုင်ငံများ ရှာဖွေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးကို အထောက်အကူပြုမည့် အလားအလာရှိသော မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတကာအကူအညီထောက်ပံ့မှုများနှင့်စပ်လျဉ်း၍ ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက စီးပွားရေးအသိုက်အဝန်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ယုံကြည်အားကိုးရသည့် ဌာနအဖွဲ့အစည်းတစ်ခုဖြစ်စေရန်အတွက် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ညွှန်ကြားရေးမှူးများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ နိုင်ငံတကာနှင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာစေရေးဆောင်ရွက်မည့်အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုမျှော်မှန်းချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ခြုံငုံသုံးသပ်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# စားကုန်သောက်ကုန်ကိုအခြေခံသော ကုန်ထုတ်လုပ်မှုကြီးမားသည့် MSME များ တိုးတက်ပြောင်းလဲနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

စားကုန်သောက်ကုန်ကိုအခြေခံသော ကုန်ထုတ်လုပ်မှုကြီးမားသည့် MSME များ တိုးတက်ပြောင်းလဲနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ စက်မှုဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME အေဂျင်စီဥက္ကဋ္ဌများ၊ စားသောက်ကုန်နှင့် ဆက်နွယ်သည့်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များက Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဦးစွာ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် ဆက်စပ်သည့်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ ကုန်ကြမ်းများစဉ်ဆက်မပြတ်ရရှိရေးဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ် အေဂျင်စီဥက္ကဋ္ဌများက MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအနှီး၊ ငွေကြေးများထုတ်ချေးထားရှိမှု၊ ဈေးကွက်ရရှိရေးဆောင်ရွက်ပေးမှု၊ ထုတ်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်



ရွက်နေမှု၊ ထုတ်ကုန်အမယ်သစ်များ ထုတ်လုပ်နိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးနေမှု၊ ထုပ်ပိုးမှုစနစ်များ အဆင့်အတန်းမီရေး ဆောင်ရွက်ပေးနေမှု၊ Digital Platform မှ ထုတ်ကုန်ပစ္စည်းများ ရောင်းချနိုင်ရေး ဆောင်ရွက်ပေးနေမှုတို့ကိုရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက လုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သင့်သည့်နည်းလမ်းများ၊ ပံ့ပိုးပေးရမည့် အချက်များကို အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အထူးပြုဆောင်ရွက်နိုင်သည့် စားသောက်ကုန်ပစ္စည်းများကို သိုလှောင်မှုစနစ်၊ ထုတ်လုပ်မှု၊ ထုပ်ပိုးမှုနည်းပညာ၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နိုင်သည့် နည်းပညာများ၊ ငွေကြေး ပံ့ပိုးမှုဆိုင်ရာ လိုအပ်ချက်များ၊ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးစံနှုန်းများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ထိန်းသိမ်းထုတ်လုပ်ခြင်း၊ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်တင်ပို့ရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စွာ ဆောင်ရွက်ပေးခြင်းတို့ကို ထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးလျှင် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၁

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများ၊ အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ရန်ကုန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီများမှ မြို့တော်ဝန်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ အလုပ်သမားရေးရာဝန်ကြီးများက အွန်လိုင်းမှတက်ရောက်ကြသည်။

ဦးစွာအလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိ အလုပ်အကိုင်ရှာဖွေနေသူများကို အသက်အရွယ်နှင့် သင့်လျော်သော အလုပ်အကိုင်ရွေးချယ်ရေး၊ အလုပ်အကိုင်ရရှိရေး၊ အလုပ်ခွင်တည်မြဲရေး၊ အလုပ်အကိုင်ရှာဖွေသူများနှင့် အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်နှင့်ကိုက်ညီသင့်လျော်သော အလုပ်သမားရရှိရေးတို့အတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဆောင်ရွက်နေသော လုပ်သားတစ်ဦးချင်းစီ၏ကျွမ်းကျင်မှုတိုးတက်ရေးကို အခြေခံအင်အားအဖြစ် သတ်မှတ်ပြီး အထူးအလေးထားဆောင်ရွက်ကြရာတွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း။

လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများတွင် လုပ်ငန်းကျွမ်းကျင်သူ၊ စွမ်းဆောင်ရည်ရှိသူ ကျွမ်းကျင်လုပ်သားများကို ခန့်ထားမည်ဆိုပါက လုပ်ငန်းတိုးတက်မှုနှုန်း ပိုမိုမြင့်မားလာမည်ဖြစ်သည့်အပြင် အရည်အသွေးပြည့်ဝသော ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက ပြည်တွင်းအလုပ်အကိုင်များ ခန့်ထားရေးနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး၊ ကျွမ်းကျင်လုပ်သားများ ခန့်ထားဆောင်ရွက်နိုင်ရေးအတွက် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားဦးရေအပေါ်မူတည်၍ ကျွမ်းကျင်လုပ်သားပါဝင်မှုရာခိုင်နှုန်းသတ်မှတ်နိုင်ရေး၊ အမျိုးသားအဆင့်အရည်အချင်းမူဘောင်တွင် ကျွမ်းကျင်မှုမူဘောင် ထည့်သွင်းသတ်မှတ်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# တရားစွဲနှင့်အမှုလိုက်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုတိုးတက်ရေး ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော်  နိုဝင်ဘာ ၂၁

တရားစွဲနှင့်အမှုလိုက်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုတိုးတက်ရေးဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆွေးနွေးပွဲတက်ရောက်သည့် ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦး က ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများ အား တစိုက်မတ်မတ်ဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာ ရလဒ်ကောင်းများ ရရှိလျက်ရှိကြောင်း၊ လူတိုင်းလူတိုင်း ဥပဒေအသိပညာပြန့်ပွားရေး အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိစဉ်မှာပင် ဥပဒေအရာရှိများ၏ အဓိကလုပ်ငန်းဖြစ်သည့် တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများတွင် စွမ်းဆောင်ရည်တိုးတက်ရန်၊ မှန်ကန်ရန်၊ အချင်းချင်းအပြန်အလှန် ဆွေးနွေးတိုင်ပင် နီးနှောရန်အတွက် အားသစ်လောင်းရန် လိုအပ်လျက်ရှိသဖြင့် ယခုဆွေးနွေးပွဲကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ဥပဒေအရာရှိများအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် မှားယွင်းမှုများတွေ့ရှိရသည့်အတွက် ယခုဆွေးနွေးပွဲတွင် ဆွေးနွေးပြီးတစ်ပြေးညီ မူဝါဒများချမှတ်၍ လိုက်နာကျင့်သုံးရန်နှင့် မိမိလက်အောက်အဆင့်ဆင့်သို့ ပြန်လည်မျှဝေရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများကို ပြင်ဆင်ရန်ရှိသဖြင့် ယခုဆွေးနွေးပွဲ၌ ပြင်ဆင်သင့်သည့် အချက်များအား ဆွေးနွေးကြစေလိုကြောင်း၊ ရွေးကောက်ပွဲနီးပြီဖြစ်သဖြင့် တိုင်းဒေသကြီးဥပဒေအရာရှိ၊ ခရိုင်ဥပဒေအရာရှိများအနေဖြင့် သက်ဆိုင်ရာတာဝန်များကို အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ ဥပဒေအရာရှိ ၄၀ တက်ရောက်ကြပြီး ဆွေးနွေးပွဲကာလမှာ နိုဝင်ဘာလ ၂၁ ရက်မှ ၂၂ ရက်အထိ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ မြဝတီ

# စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲ သင်တန်းသား၊ သင်တန်းသူများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တွေ့ဆုံပြီး ရန်ကုန်တက္ကသိုလ်၊ မင်းဓမ္မပညာ့ရိပ်သာအိမ်ရာနှင့် ရန်ကုန်အဝေးသင် တက္ကသိုလ်တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲသင်တန်းတက်ရောက်လျက်ရှိသည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက Grade-12 စာမေးပွဲကြီးကြပ်ရေးလုပ်ငန်းစဉ်သည် စာမေးပွဲခန်းစောင့်ကိစ္စရပ်တစ်ခုတည်းမဟုတ်ပဲ မေးခွန်းများစာမေးပွဲခန်းအတွင်းရောက်သည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်သည် တာဝန်ကြီးသည့်အတွက် တိုင်း၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အလေးထားအားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ''နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့''ဆိုသည့် ဆောင်ပုဒ်၏ရည်ရွယ်ချက် အောင်မြင်ပေါက်မြောက်စေရန် ယခုဆွေးနွေးပွဲသင်တန်းသည် အရေးကြီးသည့်အတွက် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက်ရန်ကုန်တက္ကသိုလ်နှင့်ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)သို့ရောက်ရှိပြီး မကြာမီကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည့်အတွက် ဥပမိရိပ်ကောင်းမွန်ရေး၊ တက္ကသိုလ်ပရိဝုဏ်အတွင်းနှင့် စာသင်ဆောင်များတွင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမှိုက်များစနစ်တကျစွန့်ပစ်ရေး၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဇုန်များခွဲခြားသတ်မှတ်ပြီး စနစ်တကျကြီးကြပ်ဆောင်ရွက်ရေး၊ သစ်ပင်များ စိမ်းလန်းစိုပြည်သာယာလှပစေရန်အတွက် အလင်းဖွင့်ခြင်းလုပ်ငန်းများဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မင်းဓမ္မပညာ့ရိပ်သာအိမ်ရာအတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ လှိုင်နယ်မြေဝန်ထမ်းအိမ်ရာရှိသုံးထပ်ဆောင်ခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန် အဝေးသင် တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး) များနှင့်တွေ့ဆုံ၍ အဝေးသင်ပညာရေးကို အရည်အသွေးမြှင့်တင်ဆောင်ရွက်နိုင်ရေး၊ အဝေးသင်ပညာရေးစနစ် ပိုမိုကောင်းမွန်စေရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ မြဝတီ

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာ ပထမနှစ် တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများအား စိစစ်အတည်ပြုရွေးချယ်



နေပြည်တော်  နိုဝင်ဘာ ၂၁

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာလ ၂၀ ရက်မှ ၂၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးရှိပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာ ပထမနှစ်သင်တန်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူ ၃၀၄ ဦးကို စိစစ်အတည်ပြုရွေးချယ်သည်။

ဒုတိယဝန်ကြီးသည် ကျောင်းသား၊ ကျောင်းသူများ ရွေးချယ်ရေးဆောင်ရွက်သည့်နေ့တွင် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ပထမနှစ်သင်တန်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် ဒီဂရီကောလိပ်အတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာသင်ဆောင်များနှင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့သည်။

ဒီဂရီကောလိပ်(ရန်ကုန်)တွင် သင်တန်းသားရွေးချယ်ရေးကော်မတီက စိစစ်ရွေးချယ်ပေးခဲ့သည့်ကျောင်းသား၊ ကျောင်းသူများကို ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ လေးနှစ်၊ A.G.T.I ဒီပလိုမာ သုံးနှစ် သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ကျောင်းဆင်းပြီးချိန်တွင် ဘွဲ့၊ ဒီပလိုမာများ အပ်နှင်းပေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၌ အကြီးတန်းစာရေးနှင့် အဆင့်တူ ရာထူးနေရာများတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ မြဝတီ

# နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့ (ကုန်ထုတ်တိုးမြှင့်စွမ်းရည်ဖွင့် ထွန်းတင့်ရမည်မြန်ရှေ့ပြည်)

**မိမိတို့နိုင်ငံမှ MSME စီးပွားရေးလုပ်ငန်းအသီးသီးအနေဖြင့် သွင်းကုန်အစားထိုးကုန်ပစ္စည်းများအပါအဝင် ပြည်တွင်းသုံးနှင့် ပြည်ပပို့ကုန်များကို နယ်ပယ်အသီးသီးအတွက် ကုန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်ခြင်းအပြင် အရည်အသွေးပြည့်မီသော အမယ်သစ်ထုတ်ကုန်များတီထွင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် မိမိတို့နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို တက်ညီလက်ညီ ဝိုင်းဝန်းမြှင့်တင်ဆောင်ရွက်သွားကြရမည်သာဖြစ်…**

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းသည် ၎င်းတို့၏အမျိုးသားအကျိုးစီးပွား(National Interest)ကို မြှင့်တင်အကောင်အထည် ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံရေးစွမ်းပကား(Political Might)၊ စီးပွားရေးစွမ်းပကား(Economic Might)နှင့် ကာကွယ်ရေးစွမ်းပကား(Military Might)တို့ တောင့်တင်းခိုင်မာနေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးစွမ်းအားစုသုံးခုလုံး ဟန်ချက်ညီညီအချိုးကျကျဖွံ့ဖြိုးတိုးတက်နေမှသာ နိုင်ငံသူနိုင်ငံသားတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားစွမ်းအားလည်း တောင့်တင်းခိုင်မာလာမည်ဖြစ်သည်။

နိုင်ငံ့စီးပွားရေးစွမ်းပကား(Economic Might)ကို အကောင်အထည်ဖော်ဆောင်ရာ၌ စိုက်ပျိုးရေးကို အခြေခံသော ဖွံ့ဖြိုးဆဲနိုင်ငံများမှသည် စက်မှုထုတ်ကုန်များကိုအခြေခံသော ဖွံ့ဖြိုးပြီးနိုင်ငံများတိုင်အောင် မိမိတို့နိုင်ငံ၏ထုတ်ကုန်များအရည်အသွေးကောင်းမွန်စေရန်နှင့် ဈေးကွက်လိုအပ်ချက်ပြည့်မီစေရန် အလေးထားထုတ်လုပ်ကြရမြဲဖြစ်သည်။ ယနေ့ကမ္ဘာပေါ်တွင် အမျိုးသားအကျိုးစီးပွားတောင့်တင်းခိုင်မာမှုနှင့် စက်မှုလုပ်ငန်းတိုးတက်ဖြစ်ထွန်းမှုတို့အပေါ်မူတည်၍ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများဟူ၍ သတ်မှတ်ခွဲခြားထားသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများအားလုံးတွင် အသေးစားနှင့်အလတ်စားစက်မှုလက်မှုထုတ်ကုန်လုပ်ငန်းများကို အခြေခံထားလုပ်ဆောင်နေကြကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့်လည်း အသေးစားနှင့်အလတ်စားစက်မှုလက်မှုလုပ်ငန်းများကို အခြေခံသည့် ထုတ်ကုန်လုပ်ငန်းများဖွံ့ဖြိုးလာစေရန် ဤယနေ့နိုင်ငံတော်အစိုးရက ဖော်ဆောင်တိုက်တွန်းထောက်ပံ့မှုမျိုးစုံ လုပ်ဆောင်ပေးနေခြင်းဖြစ်သည်။

မျက်မှောက်ခေတ်တွင် နိုင်ငံအများစုသည် မိမိတို့နိုင်ငံ့စွမ်းအားတောင့်တင်းခိုင်မာရန်အတွက် အဓိကကျသည့်စီးပွားရေးစွမ်းအားစုများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အလေးထားလုပ်ဆောင်လျက်ရှိကြသည်။ နိုင်ငံအများစုသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုမြှင့်တင်ရန်အတွက် စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးကိုအခြေခံ၍တည်ဆောက်ကြသည်။ မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် နိုင်ငံ့ခနအင်အားအခြေအနေအရ စက်မှုနိုင်ငံအဖြစ်သို့ တိုက်ရိုက်တက်လှမ်းရန် အခွင့်အလမ်းနည်းပါးပေသည်။ ထို့ကြောင့် စက်မှုလက်မှုကိုအခြေခံသည့် စိုက်ပျိုးရေးနိုင်ငံမှသည် စက်မှုဖွံ့ဖြိုးသောနိုင်ငံဆီသို့ ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မိမိတို့ဒေသအတွင်း အာရှနိုင်ငံများဖြစ်ကြသည့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ဗီယက်နမ်နိုင်ငံတို့သည် အမျိုးသားစွမ်းအားဖွံ့ဖြိုးတိုးတက်လာပြီး ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများအဆင့်သို့ ရောက်ရှိလာသည်ကိုတွေ့ရသည်။

ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှာ နည်းပညာကိုအခြေခံသည့် စက်မှုကဏ္ဍဖြင့် နိုင်ငံဖွံ့ဖြိုးမှုအဆင့်အတန်းကို မြင့်မားစေခဲ့ခြင်းဖြစ်သည်။ စီးပွားရေးအရအချက်အချာကျသောတည်နေရာကို ပိုင်ဆိုင်ထားသည့်စင်ကာပူနိုင်ငံမှာ လူသားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အထူးအခွင့်အရေးများပေး၍ ဖိတ်ခေါ်ခဲ့သည်။ အသေးစားနှင့် အလတ်စားပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများစွာစီးဝင်လာခဲ့သောကြောင့် နိုင်ငံအနေဖြင့် အဆင့်မြင့်သိပ္ပံနည်းပညာများရရှိကာ ထွန်းသစ်စစက်မှုကုန်ချောထုတ်လုပ်နိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်ကိုလည်း တွေ့ရှိရသည်။ တရုတ်နိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့သည်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ပြီး ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ပူးပေါင်းကာ စက်မှုဇုန်များတည်ထောင်၍ စက်မှုကုန်ချောများထုတ်လုပ်မှုဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေလျက်ရှိကြောင်း တွေ့ရှိရသည်။

ယနေ့ နိုင်ငံတော်အစိုးရသည် ကမ္ဘာ့စီးပွားရေးအခင်းအကျင်းနှင့် အခွင့်အလမ်းများအပေါ်သုံးသပ်၍ မိမိတို့နိုင်ငံ၏ စီးပွားရေးအားသာချက်အခြေခံကောင်းများကိုမဏ္ဍိုင်ပြုလျက် MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ကုန်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်၍ ပြည်ပပို့ကုန်တိုးမြှင့်ရေးဦးတည်ချက်ထား လမ်းညွှန်ဆောင်ရွက်ပေးလျက်ရှိသည်။ MSME စက်မှုလုပ်ငန်းများဆိုသည်မှာ (Micro, Small and Medium Enterprises) "အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ" ကိုခေါ်ဆိုခြင်းဖြစ်သည်။ ယင်းအပြင် MSME ဆိုသည်မှာ ကုန်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ကုန်ပစ္စည်းရောင်းဝယ်ခြင်း လုပ်ကိုင်နေကြသော အသေးစားလုပ်ငန်းများနှင့် လက်လီဆိုင်များမှအစ အသေးစားထုတ်လုပ်ရေးစက်ရုံများအဆုံး အားလုံးကိုခြုံငုံ၍ ခေါ်ဆိုခြင်းဟုလည်းတွေ့ရှိရသည်။

နိုင်ငံတော်အစိုးရပိုင်းအနေဖြင့် MSME လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်တွင်းထုတ်ကုန်များ အားပေးမြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေးနှင့် အမယ်သစ်ပို့ကုန်ရရှိရေးကို ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်းလည်း တွေ့ရှိရသည်။ အထူးသဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးအရင်းအနှီးများ စိစစ်ပံ့ပိုးပေးနိုင်ရေးနှင့် အခြားလိုအပ်ချက်များဖြစ်သည့် ပြည်ပဈေးကွက်ကို ချိတ်ဆက်ပေးပြီး ဈေးကွက်ခိုင်မာစွာရရှိရေး၊ လိုအပ်သည့်နည်းပညာနှင့် လူသားအရင်းအမြစ်များရရှိရေးတို့ကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိသည်။

နည်းပညာနှင့် လူသားအရင်းအမြစ်များရရှိရေးအတွက်လည်း သက်ဆိုင်ရာဌာနများအပြင် စက်မှုဝန်ကြီးဌာနနှင့် အေဂျင်စီများပူးပေါင်း၍ဖွင့်လှစ်သင်ကြားပေးသော နည်းပညာသင်တန်းများနှင့် ဆွေးနွေးပွဲများ၊ ဝန်ကြီးဌာနအလိုက်ဖွင့်လှစ်သည့် MSME ဆိုင်ရာသင်တန်းများ၊ KG+9 အောင်မြင်ပြီးသူများကို စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ချက်များသည် မိမိတို့နိုင်ငံအနေဖြင့် အနာဂတ်တွင် ကုန်ထုတ်လုပ်ငန်းများ၏သဘောသဘာဝကို ထဲထဲဝင်ဝင်သိရှိပြီး ရေရှည်ရပ်တည်နိုင်ရန်ဖြစ်သည်။ အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်သော ပြည်တွင်း/ပြည်ပဈေးကွက်များ၌ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုလုပ်ဆောင်နိုင်စေရန်အတွက်လည်း MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီနှင့် အေဂျင်စီများက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ကြောင့် MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်သည့် အရည်အသွေးပြည့်မီသော တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပဝင်ငွေရရှိရေးဆောင်ရွက်ရန် အခွင့်အလမ်းများပေါ်ထွန်းနေချိန်ပင်ဖြစ်သည်။ မိမိတို့နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ယခင်ကာလများက ကျင်းပခဲ့သည့် ပြည်တွင်း/ပြည်ပ MSME ပြပွဲနှင့် ပြိုင်ပွဲများမှ အတွေ့အကြုံကောင်းများလည်းရရှိထားခဲ့ပြီးဖြစ်သည်။ One Stop Service ဖြင့် ပြည်ပပို့ကုန်တင်ပို့လိုသည့် လုပ်ငန်းရှင်များအတွက်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာကိုယ်စားလှယ်များမှ တစ်ဆင့်ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်မှု သဘောတရားများအရ ပို့ကုန်ပေးပို့မှုအပေါ် နိုင်ငံတကာကုမ္ပဏီများ၊ လုပ်ငန်းကိစ္စဘဏ်များနှင့်အခြားချိတ်ဆက်ရသည့်လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များ၌ စိတ်ချလုံခြုံစွာ ဆောင်ရွက်တတ်ကြရမည်ဖြစ်သည်။ ထို့အတွက် အင်တာနက်ဝန်ဆောင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာရပ်များ၊ အသုံးချလုပ်ဆောင်ရမည့် စီးပွားရေးဆိုင်ရာနည်းပညာရပ်များကို မဖြစ်မနေကျွမ်းကျင်စွာ တတ်မြောက်ထားရန် မဖြစ်မနေလေ့လာဆည်းပူးသွားကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးအခြေခံကောင်းများဖြစ်သည့် ရေအရင်းအမြစ်နှင့် မြေဆီအာဟာရကြွယ်ဝသည့် မြေလွတ်မြေရိုင်းများစွာ ပိုင်ဆိုင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် မတူညီသည့်ရေမြေတောတောင်ရာသီဥတုများရှိသည့်အတွက် ကမ္ဘာ့အရပ်ရပ်မှ ခြံထွက်သီးနှံမျိုးစုံကိုသာမက ဆန်၊ ပဲ၊ ပြောင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကဲ့သို့သော ရာသီသီးနှံများကိုပါ အလွယ်တကူ စိုက်ပျိုးဖြစ်ထွန်းနိုင်သော အားသာချက်များရှိနေသည်။

စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေကြသူများအနေဖြင့် သမားရိုးကျစိုက်ပျိုးသည့်စနစ်မှ ထုတ်လုပ်မှုအားကောင်းပြီး ရေရှည်အကျိုးဖြစ်ထွန်းသည့် စိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်ကြရန် လိုသည်။ အထူးသဖြင့် စိုက်ပျိုးရေးအခြေခံ ပြည်ပဈေးကွက်ဝင်အရည်အသွေးပြည့်မီသော စိုက်ပျိုးရေးကုန်ချောထုတ်လုပ်သည့် စီးပွားရေးစနစ်သို့ ကူးပြောင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ၎င်းရည်မှန်းချက်ပြည့်ဝအောင်မြင်စေရန်အတွက် နိုင်ငံတော်အစိုးရပိုင်းအနေဖြင့် လိုအပ်သည့်အရင်းအနှီး၊ နည်းပညာ၊ လုပ်သားအင်အားအရင်းအမြစ်နှင့် ဈေးကွက်ဖော်ဆောင်ချိတ်ဆက်မှုများကို စီမံဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။

မိမိတို့နိုင်ငံအနေဖြင့် သားငါးထုတ်လုပ်သည့်နယ်ပယ်တွင်လည်း အားသာချက်များစွာရှိနေသည်။ မိမိတို့နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းမှာ ဘင်္ဂလားပင်လယ်အော်မှ မုတ္တမပင်လယ်ကွေ့နှင့်ဆက်စပ်လျက် တောင်ဘက်ကော့သောင်းအငူအထိရှိရာ အရှည်အားဖြင့် ၂၈၃၂ ကီလိုမီတာအထိ ပိုင်ဆိုင်ထားသည်။ ထိုအချက်မှာ ကမ်းရိုးတန်းဒေသနေပြည်သူများနှင့် ငါးလုပ်ငန်းစီးပွားရေးလုပ်ငန်းရှင်များအတွက် ရေထွက်နှင့်သားငါးပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်အောင်မြင်နိုင်ရန် အထူးအရေးပါသည့် အခွင့်အလမ်းပင်ဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့် မြန်မာ့ပင်လယ်ရေပြင်အနည်းငယ်ကိုသာ ငါးဖမ်းလုပ်ငန်းအတွက် သုံးစွဲလျက်ရှိပြီး ငါးနှင့်ရေထွက်လုပ်ငန်းအတွက် ရေချိုငါးကန် ဟက်တာပေါင်း ၅၀၀၀၀ ကိုသာ အဓိကအားထားလုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် ကမ်းနီး၊ ကမ်းဝေး ရေထွက်နှင့် သားငါးမွေးမြူထုတ်လုပ်ခြင်းကဏ္ဍ နယ်ပယ်တွင် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်သည့် အလားအလာကောင်းများပိုင်ဆိုင်ထားကြောင်း တွေ့ရှိရသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင် **"နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်စက်မှုကဏ္ဍ (Agrobased Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး"**ဟူ၍ ပါရှိပေသည်။ လက်တွေ့နယ်ပယ်၌လည်း နိုင်ငံတော်အစိုးရအနေဖြင့် MSME စီးပွားရေးလုပ်ငန်းများမှ ကမ္ဘာ့ဈေးကွက်အတွင်း၌ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ထုတ်ကုန်များတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်အသီးသီးကို ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသည်ကိုတွေ့ရသည်။

ထို့ကြောင့်ပင် မိမိတို့နိုင်ငံမှ MSME စီးပွားရေးလုပ်ငန်းအသီးသီးအနေဖြင့် သွင်းကုန်အစားထိုးကုန်ပစ္စည်းများအပါအဝင် ပြည်တွင်းသုံးနှင့် ပြည်ပပို့ကုန်များကို နယ်ပယ်အသီးသီးအတွက် ကုန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်ခြင်းအပြင် အရည်အသွေးပြည့်မီသော အမယ်သစ်ထုတ်ကုန်များတီထွင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် မိမိတို့နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို တက်ညီလက်ညီ ဝိုင်းဝန်းမြှင့်တင်ဆောင်ရွက်သွားကြရမည်သာဖြစ်ပါသည်။ ။

**ခိုင်မင်းခန့်(ယောမြေ)**

# ပြင်ဦးလွင်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားကျင်းပ



**မန္တလေး နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏လမ်းညွှန်မှု၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြပြီး ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးကို ဖွင့်လှစ်ပေးပြီး ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ တိုင်းရင်းသားအကအဖွဲ့တို့ကို ဂုဏ်ပြုငွေများ ချီးမြှင့်သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက "အလှဆုံးပန်းများပွင့်ကြပြီ" ဂုဏ်ပြုသီချင်းသီဆို၍ "နိုင်ငံအကျိုးအတွက် မျှော်မှန်းရည်ခိုင်မာတိုးတက်စေရမည်" စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ မှတ်တမ်းဗီဒီယိုကိုကြည့်ရှုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းပြီး ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင်ခင်းကျင်းပြသထားသည့်စာအုပ်စာစောင်များနှင့် ပညာရေးပြခန်းများ၊ ပြပွဲ၊ ပြိုင်ပွဲများတွင်ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံတောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ်ကြီးတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆိုင်ခန်းများ စနစ်တကျနေရာချထားပေးနိုင်ရေးစီမံဆောင်ရွက်နေမှု၊ မြေယာရှင်းများဆောင်ရွက်နေမှု၊ တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှုများနှင့် ဈေးကြီးမှထွက်ရှိမည့်စွန့်ပစ်ရေထွက်ကြောင်းများအတွက် မြောင်းများဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ မြို့နယ်နှင့်ခရိုင်အားကစားကွင်းနှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်ခြံစည်းရိုးကာရံနေမှုနှင့် လျှောက်လမ်းများဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုပြီး ဝက်ဝံကျေးရွာအုပ်စု မြိုင်ကြီးကျေးရွာ တောင်သူ ဦးစိုးနိုင်၏ ကွင်းအမှတ် ၇၀၁ ၌ကျင်းပသည့် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၁**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့်တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ရာဇာထွန်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

# အင္ဂမအကြိမ် ထားဝယ်အမျိုးသားနေ့ အခမ်းအနားကျင်းပ



ထားဝယ် နိုဝင်ဘာ ၂၁

၁၃၈၇ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင်ကျရောက်သည့်ထားဝယ်တိုင်းရင်းသားတို့၏ အင္ဂမအကြိမ်ထားဝယ်အမျိုးသားနေ့ အခမ်းအနားကို ယမန်နေ့ညနေပိုင်းက ထားဝယ်မြို့ တလိုင်းမရပ် ကမ်းနားလမ်း ပြည်သူ့အပန်းဖြေရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ထားဝယ်အမျိုးသားအလံအား ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို)အဖွဲ့က စင်မြင့်ထက်တွင် စိုက်ထူပြီး အလေးပြုကြသည်။

ထို့နောက် ထားဂယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို)နာယက ဆရာတော်ဘဒ္ဒန္တဣန္ဒောဘာသနှင့် ဓေယျဝတီစာသင်တိုက်၊ တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသတို့က သြဝါဒကထာ မြွက်ကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သောသဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဖတ်ကြား၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပေးပို့လာသော သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီးမှ ထားဝယ်အမျိုးသားနေ့အတွက် လှူဒါန်းသော ငွေကျပ် ၇၅ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပေးအပ်ရာ ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို)ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ထားဝယ်အမျိုးသားစွမ်းဆောင်ရည်ဆုရရှိသည့် ဇောတိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာရဒနှင့် ဦးအောင်ထိုး(သင်္ဂဟ)တို့အား ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို) ဥက္ကဋ္ဌဦးအောင်မျိုးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ထားဝယ်အမျိုးသားနေ့ဖြစ်ပေါ်လာပုံနှင့် အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်အားရှင်းလင်းပြောကြားကာကော်မတီ(ဗဟို) အထွေထွေအတွင်းရေးမှူး ဦးညွန့်ဝင်းက ထားဝယ်အမျိုးသားနေ့ကျင်းပနိုင်ခြင်းအတွက်ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ထားဝယ်ရိုးရာယဉ်ကျေးမှုအကအဖွဲ့များက ရေအိုးရွက်အက၊ တစ်ပင်တိုင်အက၊ ယိမ်းအက တေးသီချင်းများဖြင့် သီဆိုညွှတ်ခံ ကပြဖျော်ဖြေသည်။

ထို့ပြင် ထားဝယ်အမျိုးသားနေ့အခမ်းအနားသို့ လာရောက်ကြည့်ရှုသူများကို ထားဝယ်ဂီတအနုပညာရှင်များနှင့် ဝါသနာရှင်များက စတိတ်ရှိုး ဖျော်ဖြေရေး အစီအစဉ်များဖြင့် သီဆိုညွှတ်ခံဖျော်ဖြေကာ ကမ်းနားလမ်းတစ်လျှောက်တွင် ဈေးရောင်းပွဲတော်၊ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်၌ ကယန်းနှစ်သစ်ကူးနေ့ ပွဲတော်ကျင်းပ



လွိုင်ကော် နိုဝင်ဘာ ၂၁

၂၀၂၅ ခုနှစ် ကယန်းတိုင်းရင်းသားလူမျိုးများ၏နှစ်သစ်ကူးပွဲတော်ကို ယမန်နေ့ညနေပိုင်းက လွိုင်ကော်မြို့ ကန္ဒာဟောဝန်ပန်းခြံကျောက်သားရင်ပြင်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်၊ ဌာနဆိုင်ရာများ၊ ကယန်းစာပေနှင့်ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကယန်းနှစ်သစ်ကူးနေ့ ပွဲတော်မုခ်ဦးကို ပြည်နယ်ဝန်ကြီးချုပ်၊ နယ်မြေခံတပ်မှ တာဝန်ရှိသူနှင့် ကယန်းစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ယခုအခါ တည်ငြိမ်အေးချမ်းခြင်း၏ အကျိုးကျေးဇူးကိုရရှိခံစားနေကြရပြီဖြစ်၍ဖြစ်ပျက်ခဲ့သည့်အခြေအနေများကို သင်ခန်းစာယူပြီး ပြည်နယ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အချင်းချင်းစည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှုများဖြင့် အပြန်အလှန်ရိုင်းပင်းကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကယန်းနှစ်သစ်ကူးနေ့အခမ်းအနားအတွက် ချီးမြှင့်ငွေများပေးအပ်ရာ ကယန်းစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌက လက်ခံရယူကာ ကယန်းနှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်ပရိသတ်များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုတို့အား ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ နိုင်ငံကျော်တေးသံရှင်များ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကို ပွဲတော်လာပရိသတ်များက တစ်ခဲနက်ကြည့်ရှုအားပေးကြသည်။

ကယန်းတိုင်းရင်းသားတို့၏ နှစ်သစ်ကူးပွဲတော်သည် ကယန်းလူမျိုးတို့၏ ၁၂ လရာသီတွင် နှစ်တစ်နှစ်၏ ပထမဦးဆုံးလဖြစ်သည့် နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျရောက်ပြီး ပွဲတော်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလေ့ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ်သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လောဓမ္မ၊ နမ့်ဘော်ဝမ်(က)နှင့် နမ့်ဘော်ဝမ်(ခ) ရပ်ကွက်နေပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိနိုင်ရေး မိုင်းလုံးရေလှောင်ကန်မှ ပေးဝေနေသော ရေပိုက်လိုင်းအား ပိုက်လိုင်းသစ်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ရပ်ကွက်အတွင်း နေအိမ်များသို့ ရေဖြန့်ဝေပေးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ရပ်ကွက်နေ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် အခြေခံပညာအလယ်တန်းလေ့ကျင့်ရေးကျောင်း(ထေးသမ)သို့ရောက်ရှိပြီး ကျောင်းဝင်းအတွင်း ပေ ၈၀ x ၃၀ အုတ်ညှပ်တစ်ထပ် ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုကိုလည်းကောင်း၊ ထေးသမရပ်ကွက်အတွင်း ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်သူများ၏ နေအိမ်များပတ်ဝန်းကျင်နှင့် ရပ်ကွက်တွင်းလမ်းမများ၊ လမ်းသွယ်များ သန့်ရှင်းသာယာရေးဆောင်ရွက်ထားရှိမှု၊ ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် မြေထိန်းနံရံတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ရှုခင်းသာပန်းခြံပန်းအလှပင်များ ပြုစုထားရှိမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

စစ်တွေ နိုဝင်ဘာ ၂၁

စစ်တွေမြို့နယ်အတွင်း အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပင်စင်လစာထုတ်ယူရန်လာရောက်ကြသည့် အငြိမ်းစားဝန်ထမ်းများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး အငြိမ်းစားဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်လစာထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောစိစစ်မှုများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးနေမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများဆောင်ရွက်နေမှုနှင့် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အငြိမ်းစားဝန်ထမ်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်သည့် ဆန်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ကြသည်။

စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ဆန်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခြင်းများကို စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ လစဉ်စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) (၃၁)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၁

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) တို့မှ ၁၃၈၄-၁၃၈၅ ပညာသင်နှစ်တွင် သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့ M.A ၂၄ ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့ B.A ၁၁၉ ပါး စုစုပေါင်း သံဃာတော်အရှင်သူမြတ် ၁၄၃ ပါးတို့ကို ဘွဲ့ဆက်ကပ်မည့် (၃၁)ကြိမ်မြောက်သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၇ ခုနှစ် နတ်တော်လပြည့်ကျော် ၂ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပမည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်အရှင်မြတ်များထံသို့ ပင့်လျှောက်လွှာများကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) မော်ကွန်းထိန်းဌာနနှင့် ပြည်တွင်းသာသနာပြုဌာနခွဲတို့မှတစ်ဆင့် ပေးပို့ဆက်ကပ်ထားပြီးဖြစ်သည်။

ပင့်လျှောက်လွှာလက်ခံရရှိခြင်းမရှိပါကလည်း ဘွဲ့နှင်းသဘင်ခန်းမသို့ ဒီဇင်ဘာလ ၃ ရက် မွန်းလွဲ ၁ နာရီအရောက် အချိန်မီကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက နှိုးဆော်ပင့်လျှောက်ထားပါကြောင်းနှင့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြတ်စွာဘုရားတစ်ဆူအပါအဝင် ပင့်သံဃာတော် ၁၀၄ ပါး၊ ဘွဲ့ခံသံဃာတော် ၁၄၃ ပါး စုစုပေါင်း ၂၄၈ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်ပါ၍ ဆွမ်းဆန်စိမ်းလောင်းလှူလိုသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် တစ်ဦးချင်း ပုဂ္ဂလိကအလှူရှင်များအနေဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဌာနခွဲ ဖုန်း ၀၉-၄၂၃၉၉၇၈၅၁၊ ၀၉-၂၅၉၆၂၈၁၀၆၄၊ ၀၉-၂၅၅၉၅၃၁၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။ မြဝတီ

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ရှိသူများကကြည့်ရှုအားပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့်ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၄၆၅ ဦးအား နယ်မြေခံတပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ရှိ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ဟိုင်းကြီးကျွန်းမြို့နယ် ကံချိုင်ကျေးရွာနေ ဦးရဲဇော်ဝင်း၏ဇနီး ဒေါ်ဖုန်းနန္ဒာမြင့်၏သမီးဦးရတနာကို အောင်မြင်စွာမွေးဖွားပေးခဲ့ပြီး ၎င်းကလေးငယ်အတွက် တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့်လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၀ ဦး၊ ခွဲစိတ်ရောဂါ ၅၀ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၃ ဦး၊ ကလေးရောဂါ ၂၅ ဦး၊ အရိုးရောဂါ ၈၀ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၀ ဦး၊ မျက်စိရောဂါ ၈၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၅ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၁ ဦး၊ ခါတ်မှန်ရိုက်လူနာ ၂၁ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများက ဟိုင်းကြီးကျွန်းမြို့နယ်၊ ကံချိုင်ကျေးရွာနေ ဦးရဲဇော်ဝင်း၏ဇနီး ဒေါ်ဖုန်းနန္ဒာမြင့်၏ ပထမဆုံးကိုယ်ဝန်ကို မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ၇ ပေါင်ရှိ သမီးဦးရတနာကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။

၎င်းကလေးငယ်အတွက် တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ အဆိုပါကလေးငယ်သည် ယခုခရီးစဉ်အတွင်း ဒုတိယအကြိမ်မွေးဖွားပေးခဲ့သည့်ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၁၈ ကြိမ်မြောက်အထိ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့အား အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပြီး ယခု ၁၉ ကြိမ်မြောက်တွင် ၂၃ ဦးမြောက်နှင့် ၂၄ ဦးမြောက် ကိုယ်ဝန်ဆောင်မိခင်ကို အောင်မြင်စွာမွေးဖွားပေးခဲ့ခြင်းဖြစ်သည်။






ထို့ပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါတယ် -

"အရင်တုန်းက အဝေးကိုကြည့်လိုက်ရင် မီးလုံးကိုပဲကြည့်ကြည့် လကိုပဲကြည့်ကြည့် ကျွန်တော် တစ်ပြုံကြီး လေးငါးဆယ်လုံးပုံစံလိုမျိုးမြင်နေရပါတယ်။ ကျွန်တော်တို့ တစ်သက်လုံးမှာ ဒီမျက်စိလေးကောင်းသွားတဲ့အတွက် ဘာမဆို အကုန်လုံးကို ထူးထူးခြားခြား ကျွန်တော် မြင်ရတယ်။ စေတနာကောင်းကောင်းနဲ့ ကျွန်တော်တို့ကို ကုပေး




ပါတယ်။ ကျွန်တော်တို့ဝမ်းထဲမှာလည်း မပြောတတ်တဲ့ပီတိတွေ ကျွန်တော်တို့ခံစားရပါတယ်" ဟုပြောသည်။

"အခုတစ်ဖက်ကပြန်ခွဲရတယ်။ ကျေးဇူးတင်ပါတယ်။ ဆရာဝန်လေးတို့ကုသိုလ်ကတော့ ယူမကုန်အောင်ရမယ်၊ ဝမ်းလည်းသာတယ်၊ ကြည်လည်းကြည်နူးတယ်၊ ကျန်းမာပါစေ၊ ချမ်းသာပါစေနော်။ အသက်ရှည်ပါစေ၊ ဘုန်းကြီးပါစေ အဘွားကမေတ္တာပို့ပေးတာ။ ဘယ်နေရာသွားသွား စိတ်ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ"ဟုပြောသည်။

"ခုလိုမျိုး မြေးမလေးမွေးပေးတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်ရှင့်။ အခုမွေးဖွားပေးတဲ့အချိန်မှာလည်း ဆရာဝန်၊ ဆရာမတွေအားလုံးက ကျန်းမာရေးဂရုစိုက်ပေးပါတယ်။ အမေလည်းကျန်းမာရေးကောင်းပါတယ်၊ ကလေးလည်း ကျန်းမာရေးကောင်းပါတယ်"ဟုပြောသည်။ (၁၀၀)






တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသော တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

➤ ရှေ့ဖုံးမှအဆက်

ဝါးခယ်မမြို့နယ်၊ ညောင်ငူကျေးရွာအုပ်စု၊ မရမ်းချောင်ကျေးရွာသို့ ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဝါးခယ်မမြို့နယ်၊ ညောင်ငူကျေးရွာအုပ်စု၊ မရမ်းချောင်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၇၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၁၁ ဦး၊ ခွဲစိတ်ရောဂါ ၂၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၅ ဦး၊ ကလေးရောဂါ ၄၂ ဦး၊ အရိုးရောဂါ ၄၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၁၀၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၄ ဦး၊ မျက်စိခွဲစိတ်လူနာ ၆ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၀ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။






ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ကလေးနှလုံးသွေးကြောတစ်ချောင်းအပိုပါလို့ ဒီမှာ နယ်လှည့်ဆရာဝန်တွေလာတယ်ဆိုလို့လာပြတာပါ။ နှလုံးသွေးကြောက စိုးရိမ်ရတယ်တဲ့။ အပေါက်တော်တော်ကျယ်တယ်တဲ့။ အဲ့ဒါ ဒီကလေးက အရေးကြီးတယ်တဲ့။ နှလုံးက မဖြစ်မနေပိတ်ရမယ်တဲ့။ ကြာရင်တော့ မကောင်းဘူး။ စိုးရိမ်ရတယ်လို့ပြောတယ်။ ဒီလိုမျိုး နယ်လှည့်ဆရာဝန်တွေလာတော့လည်း ကိုယ်တွေအတွက်လည်း ကောင်းတယ်လေ။ သူများတွေအတွက်လည်းကောင်းတယ်။ ဆရာဝန်ကြီးတွေလည်း ဘုန်းကြီးပါစေ။ အသက်ရှည်ကျန်းမာပါစေ။ အခုလိုမျိုးလာရောက်ပြီးတော့ အခမဲ့လာရောက်ကုသပေးတာ သူတို့လည်း ဒီထက်မက ဘုန်းကြီးအသက်ရှည်ပြီးတော့ နိုင်ငံ့တာဝန်တွေလည်းထမ်းဆောင်နိုင်ကြပါစေ"ဟုပြောသည်။

"ကျွန်မက ရွှေလောင်းအခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမပါ။ ဆီးချိုနဲ့ လက်မအရွတ်ရောင်တာလေ။ အဲ့ဒီရောဂါတွေ လာပြတာပါ။ ဗိုလ်ကြီးတွေကလည်း ကျကျနန စိတ်ရှည်လက်ရှည်နဲ့ သေချာရှင်းပြတယ်။ သေချာလည်း ကုပေးပါတယ်။ လိုအပ်တဲ့ဆေးဝါးတွေလည်း လိုတာတွေလုပ်ပေးလိုက်တယ်လေ။ အဲ့လိုဆိုတော့လည်း ဆရာမတို့လည်း စိတ်ချမ်းသာရတာပေါ့နော်။ ကိုယ့်ရပ်ကိုယ့်ရွာနဲ့နီးနီးနားနားမှာ ရောက်လာပြီးတော့ ပြရတယ်ဆိုတော့ အခက်အခဲမရှိဘူး။ အားလုံးအဆင်ပြေတယ်လေ။ နယ်လှည့်ဆေးကုသအဖွဲ့ ဆရာဝန်ကြီးတွေအကုန်လုံး နောက်တစ်ခါ volunteer တွေ အကုန်လုံးဝိုင်းဝန်းပြီးတော့ ကူညီပေးကြတယ်။ ရပ်ရွာရော၊ အဖွဲ့အစည်းတွေအကုန်လုံးက စေတနာပါပါနဲ့ စိတ်ပါလက်ပါနဲ့ အားတက်သရောနဲ့ လုပ်ပေးကြတာကိုတွေ့ရတယ်။ အဲ့ဒီအတွက် အများကြီးကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်"ဟုပြောသည်။

(၁၀၀)

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးစာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ တိုင်းဒေသကြီးပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်နှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားတွင်ပြသထားသည့် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲ၊ ပညာရေးဌာနပြခန်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းပြခန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးပြခန်း၊ မီးသတ်ဦးစီးဌာနပြခန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြခန်းနှင့် စာအုပ်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးကြသည်။


ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ၏ စာစီစာကုံး၊ ကျပန်း၊ စာဖတ်စွမ်းရည်၊ စိတ်ကြိုက်ပန်းချီ၊ ဉာဏ်စမ်းပဟေဠိ၊ ကဗျာရွတ်ဆို၊ ပုံပြင်ပြော၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှု၊ ပျော်ရွှင်ဖွယ်ရာကစားနည်းဂိမ်းပြိုင်ပွဲများကျင်းပနေမှုတို့ကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲယှဉ်ပြိုင်မှုအတွက် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ စာပေစကားဝိုင်းဆွေးနွေးပွဲကို ကြည့်ရှုအားပေး၍ ဦးဆောင်ဆွေးနွေးသူများနှင့် ပါဝင်ဆွေးနွေးသူများအား ဂုဏ်ပြုလက်ဆောင်နှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး စာပေဟောပြောမည့် စာရေးဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ)အား ဂုဏ်ပြုလက်ဆောင်နှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းအား တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များပေးအပ်ရန် လှူဒါန်းငွေများ ပေးအပ်သည်။

ယင်းနောက် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားအတွက် လှူဒါန်းငွေများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက လက်ခံရယူကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

၎င်းနောက် ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများသီဆို၍ ကပြဖျော်ဖြေကြကာ စာရေးဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ)က စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် ဉာဏပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 196 illegal buildings used in telecom fraud and online gambling demolished in KK Park area

# 351 more illegal foreign nationals arrested in Shwe Kokko area



Investigation of illegal foreigners in Shwe Kokko area, Myawady Township, Kayin State (21-11-2025). Authorities clear the buildings where illegal foreigners are kept.



Investigation of illegal foreigners in Shwe Kokko area, Myawady Township, Kayin State (21-11-2025) Authorities clear the buildings where illegal foreigners are kept.

NAY PYI TAW November 21

The government of Myanmar is prioritizing the elimination of telecom fraud and online gambling as part of national duty as these criminal activities pose threat to global and international community. Joint inspection teams comprising security personnel and administrative bodies continue to conduct coordinated operations in the Shwe Kokko area and the KK Park area, where telecom fraud and online gambling activities have been most heavily based. These operations include entering and clearing targeted areas and demolishing illegal buildings and structures. Up to now, a total of 196 buildings constructed without permission were systematically demolished in Myawady-Mawhtawthalay

See Page - 21



151 kilograms of explosives are used to demolish the four storey residential building C9.



Investigation of illegal foreigners in Shwe Kokko area, Myawady Township, Kayin State (21-11-2025) Photos of 351 captured foreigners who were previously at large.



The demolished four storey residential building C12.



The demolished four storey residential building C9.

# Farmers harvest maize and sweet corns in Shwebo Township

SHWEBO November 21

Statistics of Shwebo Township Agriculture Department stated that local farmers completed harvest of all sown acreage of maize and sweet corns in Shwebo Township of Sagaing Region this year.

In Shwebo Township, a total of 351 acres of seed maize and 2,421 acres of sweet corn were cultivated during this year's monsoon cropping season. Harvesting of the cultivated fields began in August, and as of today, all fields have been fully harvested. The seed maize produced an average yield of over 40 baskets per acre, while the sweet corn yielded over 13,000 ears per acre, according to reports.

"This year, during the monsoon cropping season, a total of 2,772 acres of maize crops—both seed maize and sweet corn—were cultivated in Shwebo Township. All of the cultivated fields have now been fully harvested. To ensure successful maize cultivation, we provided farmers with awareness programmes and technical guidance to prevent pest and disease outbreaks," said U San Oo, Head of the Township Department of Agriculture, Shwebo Township.

This year, the Township Department of Agriculture conducted training sessions and field demonstrations for farmers engaged in seed maize and sweet corn cultivation. Farmers were also educated on preventive measures against fall armyworm infestations, the use of integrated pest management systems, and the proper application of pesticides such as neem pesticide, as well as natural repellents made from ginger and chilli, it was learned.



In Shwebo Township, the average yield of maize was over 50 baskets per acre, with production costs of about Ks-500,000 per acre. For sweet corn, the yield averaged about 15,000 ears per acre, with production costs exceeding Ks-500,000 per acre, according to the report.

**SMK**

# Mawlaik Township earmarks cultivation of more than 2,000 acres of vegetables in winter

MAWLAIK November 21

Preparations are being made to grow more than 2,000 acres of vegetables as cold season crops in Mawlaik Township of Sagaing Region in coming winter, according to Mawlaik District Agriculture Department.

During the 2025–2026 winter crop season, a plan has been set to cultivate 2,679 acres of vegetables in Mawlaik Township. Planting will begin in October this year and continue until December, according to reports.

"This year, over 2,000 acres of vegetables are planned for cultivation in Mawlaik Township during the upcoming winter crop season. These include roselle, chilli, spices, potato, cabbage, coriander, eggplant, and cauliflower. Farmers are being provided with techniques to cultivate all vegetables under the GAP system. Technical guidance will also be given so that the vegetables grown are healthy and safe, with minimal chemical residues," said Daw Kyaik Kyaik Hlaing, Head of the Mawlaik District Department of Agriculture.

This year, the Mawlaik Township Department of Agriculture is providing farmers with training on GAP methods, guidance to ensure vegetables grown are safe and healthy for consumption, and support to expand vegetable cultivation.

In Mawlaik Township, various vegetables are cultivated seasonally every year. These crops have proven successful and provide household income. The township agriculture department is also educating farmers on correct cultivation practices, pest prevention, and the use of natural fertilizers, biopesticides, and repellents.

**SMK**

# Dabayin harvests all plantations of groundnut



YEU November 21

All plantations of groundnut planted during monsoon this year has been harvested in Dabayin Township of Sagaing Region, according to the YeU Distric Agriculture Department.

In Dabayin Township, a total of 35,568 acres of groundnut were cultivated during this year's monsoon cropping season. Harvesting of the cultivated groundnut fields began in August, and as of today, all fields have been fully harvested, with an average yield of 42.02 baskets per acre, according to reports.

"This year, a total of 35,568 acres of groundnut were cultivated in Dabayin Township during the monsoon cropping season. All of the cultivated fields have now been fully harvested. As an oil crop, groundnut production has been successful, and cultivation has been improving year by year," said U Zaw Myint Tun, Head of YeU District Agriculture Department.

In Dabayin Township, one and a half baskets of seeds are used per acre for groundnut cultivation. The production cost per acre—including expenses for seeds, labour, fertilizers, and pesticides—amounts to over Ks-200,000, while the average yield is reported to be over 50 baskets per acre.

This year, in order to ensure successful groundnut cultivation, prevent pest and disease outbreaks, and keep the fields free from weeds, staff from the Township Department of Agriculture conducted field inspections and maintained monitoring records in the cultivated areas, it was learned.

**SK**

# Plan underway to cultivate more than 7,000 acres of sunflower in Monywa Township this cold season

MONYWA November 21

According to the statistics of Monywa Township Agriculture Department, local farmers will grow more than 7,000 acres of sunflower as cold season crops in Monywa Township of Sagaing Region thyis year.

During the 2025–2026 winter crop season, 7,755 acres of winter sunflower are planned for cultivation in Monywa Township, with planting scheduled from October to December this year.


"In Monywa Township, more than 7,000 acres of sunflower are targeted for this year's winter crop season. Efforts will be made to achieve the full targeted acreage. Sunflower, as an oilseed crop, will be expanded to help reduce imports of palm oil. Compared to beans and sesame, sunflower yields more oil per acre. It is mainly cultivated in the winter season," said U Soe Thet Aung, Head of the Monywa Township Agriculture Department.

To support sunflower expansion, the Township Agriculture Department is conducting intensive training programs to enhance the capacity of both staff and farmers.

This year, farmers cultivating sunflower in Monywa Township will be provided with seed supplies. Plans have also been made to sell urea fertilizer at fair prices, while harvested sunflower varieties will be distributed through farmer-to-farmer exchange systems.

**SK**

# Peaceful nuclear cooperation with Iran should be carried out on equal terms - Russia



MOSCOW November 21

Moscow believes that cooperation in the field of peaceful nuclear energy with Iran should be carried out on equal terms with other non-nuclear countries, Russian Foreign Ministry spokeswoman Maria Zakharova said on Friday.

"We firmly believe that cooperation in the field of peaceful nuclear energy with Iran should be carried out on the same terms as with other non-nuclear states that faithfully fulfill their obligations under the NPT [Nuclear Non-Proliferation Treaty]. We hope that other states will follow this line," Zakharova said.

The vote in the International Atomic Energy Agency (IAEA) Board of Governors on the initiative of Germany, France, the United Kingdom and the United States is a "provocative undertaking by the Western camp," as well as a serious blow to international confidence in the agency's safeguards system and the global nuclear nonproliferation regime, Zakharova added.

Iran announced on Thursday that it has officially ended the Cairo Agreement with the International Atomic Energy Agency (IAEA), which had set out a framework for renewed cooperation between the two sides.

**Sputnik**

# Thousands of lives lost due to UK's botched Covid-19 response – inquiry

LONDON November 21

The UK's central and local governments failed in their handling of the Covid-19 crisis, leading to thousands of additional deaths, according to a damning report from the official public inquiry into the pandemic response.

Authorities in England, Scotland, Wales, and Northern Ireland did "too little, too late," as timely measures such as self-isolation, household quarantine, and social distancing could have prevented 23,000 deaths, the report said, citing computer modelling.

The inquiry found the administrations were too reliant on Westminster to lead the response, while the cabinet of then Prime Minister Boris Johnson was described as suffering from a "toxic and chaotic culture." Key policy decisions were often dominated or derailed by Johnson's inner circle, the report stated.

Former judge Heather Hallett, who led the inquiry, noted "destabilizing behavior" by several senior figures, including former Downing Street adviser Dominic Cummings. She accused Johnson of failing to confront – and sometimes "actively encouraging" – the attitude, thus creating "a culture in which the loudest voices prevailed and the views of other colleagues, particularly women, often went ignored, to the detriment of good decision-making."

According to the report, similar patterns emerged in Scotland, where policy discussions were improperly constrained. In Northern Ireland, partisan conflict and fragmented government structures further hampered effective pandemic response, the inquiry found.

The report stressed that instances of officials and advisers breaking Covid-19 rules eroded public trust. Revelations about lockdown-breaching gatherings inside Downing Street in 2020 and 2021, dubbed the "Partygate" scandal, inflicted lasting political damage on Johnson, contributing to his early resignation in 2022.

**RT**

# Pilot dead as Indian Air Force's fighter jet crashes at Dubai Air Show

NEW DELHI November 21

A fighter jet belonging to the Indian Air Force (IAF) crashed at the ongoing Dubai Air Show on Friday, resulting in the pilot's death, confirmed the IAF in a post on the social media platform X.

An inquiry was ordered to investigate the cause of the mishap involving a Tejas aircraft, according to the IAF.

The Dubai Air Show, a biennial show, began on November 17 at the Al Maktoum Airbase in the United Arab Emirates. The IAF's Suryakiran Aerobatic Team and Tejas fighter jets participated in the event.

**Xinhua**





# U.S. removes punitive tariffs on some Brazilian agri-products

WASHINGTON November 21

The White House issued an executive order to eliminate punitive tariffs on some agricultural products from Brazil on Thursday.

The refund of the duties collected since April 13, when the executive order took effect, will be handled by the U.S. Customs and Border Protection.

The newly added exemption list covers around 250 categories in the 8-digit subheadings of the Harmonized Tariff Schedule of the United States, including coffee, bovine meat, tomatoes, tea, spices, fruits and nuts.

U.S. President Donald Trump signed an executive order on July 30 to impose as much as 40 percent punitive tariffs on Brazilian goods from Aug. 6, citing the "politically motivated persecution" of former Brazilian President Jair Bolsonaro and Brazil's actions as "a threat to U.S. national security and the economy" as the basis for the action.

Amid a persistent affordability crisis, the White House recently issued an executive order to eliminate reciprocal tariffs on certain agricultural products to ease rising prices.

U.S. voters were broadly critical of tariffs, with 63 percent of respondents saying they disapprove of how the Trump administration is handling them, according to the latest Fox News Poll published on Thursday.

**Xinhua**

●● From Page - 18

(KK Park) area. Moreover, a total of 351 more foreign nationals who committed online gambling and frauds were exposed and detained in Shwe Kokko area.

A total of 14 buildings out of 635 buildings used in telecom fraud and online gambling in Myawady-Mawhtawthalay (KK Park) area were destroyed today. So far, the authorities have demolished 196 buildings constructed without permission, and the demolition process continues at remaining illegal buildings.

Likewise, a similar operation is being conducted in Shwe Kokko area starting from 18 November. Today, the fourth day, the combined teams searched three 12-storey buildings and three nine-storey buildings in Shinyonli compound of Shwe Kokko area. Those who operate the telecom frauds and online gambling activities were not found there but 101 Starlink satellite receivers and 21 Routers were seized from the warehouses in the compound. So, those authorities continue the operation to expose and clear the area.

Today, officials from the inspection teams scrutinized and arrested 116 Chinese nationals, 36 Vietnamese, 14 Kenyans, 75 Ethiopians, eight South Africans, 23 Indonesians, 29 Ugandans, one Zimbaberan, 14 Filipinos, three Pakistanis, one Bangladeshi, one Liberian, two Nigerians, one Moroccan, one Malawis, six Cameroonians, one Mongolian and one Chinese Taipei totally 351 who hidden themselves after committing telecom fraud and online gambling in Shwe Kokko area via some neighbouring countries including Thailand. So, data compiled in conducting the operation in the Shwe Kokko area showcased arrests of 1,367 foreign nationals who entered Myanmar illegal and seizures of 2,653 computers, 21,750 mobile phones, 101 Starlink satellite receivers, 21 Routers and a large number of industrial materials used in the online gambling and frauds. The authorities continue the operation of combing the area.

Those arrestee foreign nationals are being detained at the building in Lonhtin compound of Shwe Kokko Myaing Village of Pulwepu Village-tract in Myawady Township. The Illegal Foreigner Investigation Team verified 200 foreign nationals today. To enable their prompt repatriation to their respective countries, the relevant departmental combined teams are carrying out the necessary processes, including collecting personal data and recording required documentation.



Soldiers installing 151 kilograms of explosives to demolish the four storey residential building C12.



Uninstalled Starlink equipment at a building in Shwe Kokko.

During the period from 30 January to 21 November 2025, a total of 12,207 foreign nationals who entered Myanmar illegally. Of them, 11,640 foreign nationals have been verified, and 9,978 have been systematically repatriated to relevant countries under the law. At present, it is ready to transfer 2,229 more foreign nationals to relevant countries, and they are detained under systematic care.

The Government is treating the suppression of online fraud and online gambling offences as a national responsibility and will continue efforts to eliminate these activities entirely within the country in cooperation with internal mechanisms in addition to governments of neighbouring countries. **100**



Four storey residential building C9.



Four storey residential building C12.

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဟုမ္မလင်းမြို့နယ် ချင်းတွင်းတံတား(ထမံသီ)တည်ဆောက်နေမှုနှင့် "နမ့်ပင" အသေးစားရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

မုံရွာ နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ဟုမ္မလင်းခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဟုမ္မလင်းခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသထွက်ကုန်များ လွယ်ကူမြန်ဆန်စွာသယ်ယူပို့ဆောင်နိုင်ရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နိုင်ငံတော်မှ ဟုမ္မလင်းမြို့နယ်ထမံသီကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် ချင်းတွင်းတံတား(ထမံသီ)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချင်းတွင်းတံတား(ထမံသီ)တံတားကြီးချဉ်းကပ်လမ်းများ ဆောင်ရွက်ပြီးစီးမှု၊ ချဉ်းကပ်လမ်းပခုံးများ ကြံ့ခိုင်မှုရှိစေရေးဆောင်ရွက်နေမှု၊ တံတားသစ်ကြီးအပေါ်ရှိ ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှု၊ တံတားလက်ရန်းများ တပ်ဆင်နေမှုနှင့် တံတားကြီးတည်ဆောက်ပြီးစီးမှုများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါချင်းတွင်းမြစ်ကူးတံတား(ထမံသီ)သည် ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီးမြို့-ပန်ဆပ်-ဆွမ္မရာမြို့လမ်းပေါ်တွင် ချင်းတွင်းမြစ်ကိုဖြတ်၍ တည်ဆောက်ထားသည့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ၈၀၁ မီတာ၊ အကျယ် ၉ ဒသမ ၄ မီတာ၊ တံတားအခန်းပေါင်း ၁၅ ခန်း၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၄၀ (HFL) ဖြင့်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ ညနေပိုင်းက ဟုမ္မလင်းမြို့နယ် နားသကျိုက်ကျေးရွာအနီးရှိနမ့်ပငချောင်းပေါ်တွင်တည်ဆောက်လျက်ရှိသည့် "နမ့်ပင" အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်-၂ တည်ဆောက်ရေးတာဝန်ခံက "နမ့်ပင" အသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံပြည်သူများလိုအပ်သည့် လျှပ်စစ်မီးအမြန်ရရှိရန်အတွက်ယခုဆောင်ရွက်သည့်ရေအားလျှပ်စစ်စီမံကိန်းအား အမြန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် "နမ့်ပင" အသေးစားရေအားလျှပ်စစ်စီမံကိန်း ဖိအားမြင့်သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံတည်ဆောက်နေမှုနှင့် ရေယူအဆောက်အအုံတည်ဆောက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါ နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏ အနောက်ဘက် ၇ ဒသမ ၅ မိုင်ခန့်အကွာ နားသကျိုက်ကျေးရွာအနီး၌ တည်ရှိ၍ Concrete Gravity Dam တမံအမျိုးအစားဖြစ်ပြီး တပ်ဆင်စက်အင်အားမှာ ၆ မဂ္ဂါဝပ်ဖြစ်ကာ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၃၄ ဒသမ ၆၈ သန်း ကီလိုဝပ်နာရီ ပျမ်းမျှထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် နိုဝင်ဘာလ တတိယ(၁၀) ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၆ ဒီဂရီဖာရင်ဟိုက်မှ ၇၆ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၇ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၇ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၉ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅၃ ဒီဂရီဖာရင်ဟိုက်မှ ၆၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၆၈ ရာခိုင်နှုန်းမှ ၇၉ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၁၉ မီလီမီတာမှ ၂၉ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၃၀ မီလီမီတာမှ ၄၀ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(တောင်ပိုင်းနှင့်အနောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

➢ ကျောဖုံးမှအဆက်

ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် တောင်ထိန်းဂေဟစနစ်ရေရှည်တည်တံ့စေရန်နှင့် စီမံအုပ်ချုပ်မှုပိုမိုကောင်းမွန်လာစေရန်၊ ဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်ဝလာစေရန်၊ ရေအရင်းအမြစ်ဒေသများ ထိန်းသိမ်းကာကွယ်ရန်နှင့် ဒေသခံပြည်သူများအတွက် သစ်၊ တိုင်၊ မျော၊ ထင်းများအား စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်စေရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ဝါရှောင်(တိုးချဲ့)ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် တောင်ပေါ်အမြဲစိမ်းတောသစ်မျိုးများဖြစ်သည့် စံကားဝါ၊ ခလောင်၊ ချယ်ရီ၊ ငါးပေါက်၊ ဆေးခါး၊ ယမနေ၊ တောင်တမာ၊ ရင်းမာ၊ ကညင်၊ မအူစသည့် ဒေသသစ်မျိုးများနှင့် ကရဝေး၊ ဆင်တုံးမနွယ်၊ တောရှောက်၊ ကျားမှတ်ဆိတ်၊ ကျားလက်ဝါး၊ ကျောက်ဂျင်း စသည့် ဆေးဖက်ဝင်အပင်များအား ထိန်းသိမ်းပြုစုနိုင်မည်ဖြစ်ခြင်း၊ မျောက်လွှဲကျော်၊ ချေ၊ ဆတ်၊ ဒရယ်နှင့် ကြက်တူရွေး၊ စွန်၊ သိန်းငှက်၊ အောင်လောင် စသောကျေးငှက်မျိုးစုံများ၊ စပါးကြီး၊ စပါးအုံး၊ သင်းခွေချပ်စသည့် ရှားပါးတောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသများကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ဒေသအခေါ်အင်ချုန်းတောင်ဇရိယာရှိသဘာဝသစ်တောသစ်ပင်နှင့် ရေထွက်များထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ရေအရင်းအမြစ်ထိန်းသိမ်းမည့် ရေထိန်းတော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်နိုင်မည်ဖြစ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး ရာသီဥတုမျှတကောင်းမွန်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၂၁

ယနေ့ မြန်မာစံတော်ချိန် ၁၁ နာရီ ဂ၈ မိနစ် ၂၈ စက္ကန့်အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၄၅၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Bangladesh)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၈၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၀ ဒသမ ၆၈ ဒီဂရီ၊ အနက် ၂၅ ကီလိုမီတာကို ဗဟိုပြု၍အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၅ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

# ဆီးမကြာခဏသွားစေသော အစားအစာများ

ဆီးမထိန်းနိုင်တဲ့ဝေဒနာကို အမျိုးသမီးရော အမျိုးသားတွေမှာပါ တွေ့ရပေမယ့် အမျိုးသမီးတွေမှာ ပိုခံစားရတတ်ပါတယ်။

**အရည်ပမာဏများလွန်းခြင်း၊ နည်းလွန်းခြင်း**

တစ်နေ့တာသောက်သုံးတဲ့အရည်ပမာဏက ဆီးသွားတဲ့အပေါ်မှာ သက်ရောက်မှုရှိပါတယ်။ အချိန်တိုအတွင်းမှာ အရည်ပမာဏများစွာ သောက်သုံးတာက ဆီးမကြာခဏသွားချင်စိတ်ဖြစ်စေပါတယ်။ ဒါပေမဲ့ ရေသောက်နည်းရင်လည်း ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ စွန့်ပစ်ပစ္စည်းတွေ စုပုံလာနိုင်တယ်။ ဆီးရဲ့ပြင်းအားကိုမြင့်တက်စေပြီး ဆီးအိမ်လှုံ့ဆော်တာက ဆီးမကြာခဏသွားစေတယ်။ ပြင်းအားမြင့်တဲ့ဆီးရဲ့အရောင်က အဝါရင့်ရောင်ရှိပြီး အနံ့ပြင်းတာကြောင့် ဆီးရောင်ရင့်နေရင် ရေများများသောက်ဖို့လိုပါတယ်။

**အရက်၊ ဘီယာ**

အရက်၊ ဘီယာက ခန္ဓာကိုယ်အတွင်း ရေဓာတ်ကို အလျင်မြန်ဆုံးညစ်နှမ်းစေလို့ ရေများများသောက်သင့်ပါတယ်။ ဆီးသွားတာနဲ့ပတ်သက်လို့ ပြဿနာရှိသူတိုင်း အရက်သောက်သုံးတဲ့ပမာဏကို သုံးသပ်သင့်ပါတယ်။ ဘီယာ၊ ဝိုင်၊ အရက်နဲ့ တခြားအဖျော်ယမကာတွေက ဆီးရွှင်စေတဲ့အပြင် ဦးနှောက်ကနေ ဆီးအိမ်ကိုပေးပို့တဲ့ ဆီးသွားချိန်နဲ့ပတ်သက်တဲ့ သတင်းပေးပို့ချက်တွေကို လွဲမှားစေတာကြောင့် ဆီးခဏခဏသွားတာဖြစ်ပါတယ်။

**ကဖင်းဓာတ်ပါတဲ့အရည်များ**

ကဖင်းဓာတ်က ဆီးအိမ်ကိုလှုံ့ဆော်တာကြောင့် ဆီးရွှင်စေရုံသာမက ဆီးမထိန်းနိုင်တာကိုပါ ဖြစ်စေပါတယ်။ ဒ့ါပြင် ဆီးအိမ်ရောင်ရမ်းတာကိုဖြစ်စေတာကြောင့် ဆီးသွားလိုစိတ်ပြင်းပြစေတာမျိုးဖြစ်နိုင်ပါတယ်။ ဆီးမထိန်းနိုင်တဲ့လက္ခဏာတွေ သက်သာလာတဲ့အထိ ကဖင်းဓာတ်ဖြတ်သင့်ပါတယ်။ အဲဒီလက္ခဏာတွေသက်သာလာရင် ကဖင်းဓာတ်ပါဝင်တဲ့အစားအစာတွေကို နည်းနည်းချင်းစီစားသုံးပေးတာက ကဖင်းဓာတ်ပမာဏဘယ်လောက်က ဆီးပြဿနာတွေ့စေသလဲဆိုတာ သိနိုင်ပါတယ်။

**အက်စစ်ဂုဏ်သတ္တိရှိတဲ့သစ်သီးများ**

လူကြိုက်များတဲ့ နာနတ်သီး၊ လိမ္မော်သီး၊ သံပရာသီး၊ ရှောက်သီး၊ ခရမ်းချဉ်သီး စတဲ့အသီးတွေက ဗီတာမင်-C ဓာတ်ကြွယ်ဝပေမယ့် ဆီးမထိန်းနိုင်တဲ့သူတွေအတွက်တော့ ပြဿနာတစ်ခုဖြစ်ပါတယ်။ အက်စစ်ဓာတ်ကြွယ်ဝတဲ့အစားအစာတွေက ဆီးအိမ်မှာရှိတဲ့အာရုံကြောတွေကို လှုံ့ဆော်တာကြောင့် ဆီးမထိန်းနိုင်တဲ့လက္ခဏာတွေကို ပိုဆိုးစေပါတယ်။

**ပူစပ်တဲ့အစားအစာ**

ဆီးမထိန်းနိုင်တဲ့သူတွေအတွက် ပူစပ်ပူလောင်အရသာရှိတဲ့ ငရုတ်သီးကို ရှောင်သင့်ပါတယ်။

**ပြုပြင်ထားတဲ့အစားအစာများ**

တာရှည်ခံအောင်ပြုလုပ်ရာမှာအသုံးပြုတဲ့ အရသာတု၊ အချိုမှုန့် စတာတွေက ဆီးအိမ်ကိုမသက်မသာဖြစ်စေပါတယ်။

နေ့စဉ်စားသုံးတဲ့အစားအစာတွေက ကျန်းမာရေးအပေါ်သက်ရောက်မှုရှိပါတယ်။ နေ့စဉ်စားသုံးလိုက်တဲ့အစားအစာထဲမှာ ကျန်းမာရေးကိုအထောက်အကူပြုတာမျိုးရှိသလို ဆိုးကျိုးလည်းရှိပါတယ်။ တချို့အစားအစာတွေဆိုရင် ကျန်းမာရေးကိုတောင် ထိခိုက်စေနိုင်ပါတယ်။

ဒါကြောင့် နေ့စဉ် ကိုယ်တိုင်သဘောကျစားသောက်နေတဲ့ အစားအသောက်တွေမှာ ကျောက်ကပ်နဲ့ ဆီးလမ်းကြောင်းကျန်းမာရေးအပေါ် ဘယ်လိုသက်ရောက်မှုတွေရှိနေသလဲဆိုတာကို သိရှိထားဖို့လိုပါတယ်။

ဆီးလမ်းကြောင်းက အမျိုးသားရော အမျိုးသမီးမှာပါ စနစ်တစ်ရပ်ဖြစ်ပါတယ်။ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်တဲ့ ကျောက်ကပ်ရဲ့ ဆီးလမ်းကြောင်းစနစ်မှာ ကျောက်ကပ်၊ ဆီးပို့ပြွန်နှင့် ဆီးစွန့်ပြွန်၊ ဆီးအိမ်၊ ဆီးကျိတ်၊ အမျိုးသားမျိုးပွားအင်္ဂါတို့ ပါဝင်ပါတယ်။ အဲဒီစနစ်တွေ ဟန်ချက်ညီညီလုပ်ဆောင်ပါမှ ကိုယ်တွင်းကအညစ်အကြေးတွေကို ဆီးအဖြစ် ခန္ဓာကိုယ်အပြင်ဘက်စွန့်ထုတ်နိုင်ပါတယ်။

လူတစ်ယောက်ကျန်းမာစေဖို့အတွက် ကျောက်ကပ်နဲ့ဆီးလမ်းကြောင်းကျန်းမာဖို့ အတော်လေးအရေးပါပါတယ်။ ကျောက်ကပ်နဲ့ ဆီးလမ်းကြောင်းက ကိုယ်တွင်းကအဆိပ်အတောက်တွေကို ဆီးစွန့်ထုတ်မှုကနေတစ်ဆင့် ဖယ်ရှားပေးတဲ့ ရေဆိုးထုတ်စနစ်ဖြစ်ပါတယ်။ စားသုံးလိုက်တဲ့အစားအစာတွေ၊ သောက်သုံးလိုက်တဲ့ဆေးဝါးတွေ၊ အရက် စတာတွေကြောင့် ကိုယ်တွင်းမှာဖြစ်ပေါ်လာတဲ့အညစ်အကြေးတွေကိုစစ်ထုတ်ပြီး ဆီးအနေနဲ့ ခန္ဓာကိုယ်ပြင်ပကို စွန့်ထုတ်ပစ်ပါတယ်။

> **"ဆီးဆိုတာ ကိုယ်တွင်းကပိုလျှံတဲ့အရည်တွေနဲ့ အညစ်အကြေးတွေဖြစ်ပါတယ်။ ဒါတွေကို ခန္ဓာကိုယ်ပြင်ပကို စွန့်ထုတ်ပစ်တဲ့တာဝန်ကို ကျောက်ကပ်နဲ့ ဆီးလမ်းကြောင်းစနစ်က လုပ်ဆောင်ပေးပါတယ်။ ကိုယ်တွင်းမှာ မလိုအပ်တဲ့အရည်တွေ၊ အဆိပ်အတောက်တွေနဲ့ အညစ်အကြေးတွေကို စွန့်ထုတ်ပစ်ပါတယ်။**
>
> **နေ့စဉ်စားသုံးမှုကို အရသာပြည့်ပြည့်စုံစုံ စားသုံးလိုက်တဲ့အခါ ကိုယ်တွင်းကို အချို၊ အဖန်၊ အငန်၊ အစပ်၊ အခါး၊ အချဉ်၊ အဆိမ့်ဆိုပြီး အရသာအမျိုးမျိုး ဝင်ရောက်သွားပါတယ်။ ဒီလိုဝင်ရောက်သွားတဲ့ အာဟာရတစ်ခုချင်းစီက အလွန်အကျွံဖြစ်လာမယ်ဆိုရင်တော့ ကျောက်ကပ်နဲ့ ဆီးလမ်းကြောင်းကျန်းမာရေးကို ထိခိုက်စေနိုင်ပါတယ်. . ."**

ဆီးဆိုတာ ကိုယ်တွင်းကပိုလျှံတဲ့အရည်တွေနဲ့ အညစ်အကြေးတွေဖြစ်ပါတယ်။ ဒါတွေကို ခန္ဓာကိုယ်ပြင်ပကို စွန့်ထုတ်ပစ်တဲ့တာဝန်ကို ကျောက်ကပ်နဲ့ ဆီးလမ်းကြောင်းစနစ်က လုပ်ဆောင်ပေးပါတယ်။ ကိုယ်တွင်းမှာ မလိုအပ်တဲ့အရည်တွေ၊ အဆိပ်အတောက်တွေနဲ့ အညစ်အကြေးတွေကို စွန့်ထုတ်ပစ်ပါတယ်။

နေ့စဉ်စားသုံးမှုကို အရသာပြည့်ပြည့်စုံစုံစားသုံးလိုက်တဲ့အခါ ကိုယ်တွင်းကို အချို၊ အဖန်၊ အငန်၊ အစပ်၊ အခါး၊ အချဉ်၊ အဆိမ့်ဆိုပြီး အရသာအမျိုးမျိုးဝင်ရောက်သွားပါတယ်။ ဒီလိုဝင်ရောက်သွားတဲ့ အာဟာရတစ်ခုချင်းစီက အလွန်အကျွံဖြစ်လာမယ်ဆိုရင်တော့ ကျောက်ကပ်နဲ့ ဆီးလမ်းကြောင်းကျန်းမာရေးကို ထိခိုက်စေနိုင်ပါတယ်။

**အငန်များရင်(ဆိုဒီယမ်အစားများရင်)**

နေ့စဉ်စားသုံးမှုမှာ ဆိုဒီယမ်လို့ခေါ်တဲ့ဆားဓာတ်တွေ အများအပြားစားသုံးတာက ကျောက်ကပ်ရဲ့ ရေဓာတ်၊ ဆားဓာတ်၊ သတ္တုဓာတ်တွေ ဟန်ချက်ညီအောင်ထိန်းသိမ်းထားနိုင်မှုကို အနှောင့်အယှက်ဖြစ်စေနိုင်ပါတယ်။ ဆိုဒီယမ်ကို လိုအပ်သလောက်ပဲစားတာက အကောင်းဆုံးဖြစ်ပါတယ်။ ဒ့ါပြင် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ အချိုမှုန့်၊ အသားမှုန့်တွေကိုလည်း အများကြီးမစားသင့်ပါဘူး။ အငန်အစားများတာက သွေးတိုးစေပြီး ရေရှည်မှာ ကျောက်ကပ်ကိုထိခိုက်စေနိုင်ပါတယ်။ အငန်အစားများတာက ကျောက်ကပ်ကျောက်တည်တာဖြစ်စေနိုင်ပါတယ်။

**ကယ်လ်စီယမ်အစားများရင်**

ကယ်လ်စီယမ်က အရိုးနဲ့သွားတွေကို ကျန်းမာကြံ့ခိုင်စေတယ်ဆိုပေမယ့် ကယ်လ်စီယမ်အလွန်အကျွံစားသုံးတာကလည်း ကျောက်ကပ်ကျောက်တည်စေနိုင်ပါတယ်။ ကယ်လ်စီယမ်ကို လိုသလောက်သာစားသုံးဖို့လိုအပ်ပါတယ်။ ဒါမှ အရိုးပွတာ၊ အရိုးပါးတာတွေကို ကာကွယ်ရာရောက်ပါတယ်။ ကယ်လ်စီယမ်ကြွယ်ဝတဲ့အစားအစာတွေဖြစ်တဲ့ နို့နဲ့ နို့ထွက်ပစ္စည်းတွေကို ထိုက်သင့်တဲ့ပမာဏလောက်သာ စားပေးသင့်ပါတယ်။ နောက်တစ်ချက်က အသင့်စား၊ အမြန်စားနဲ့ပြုပြင်ထားတဲ့ အစားအစာတွေဖြစ်ပါတယ်။ အဲဒီအစားအစာတွေက အငန်ကဲ့သလို ပြုပြင်ထားတာကြောင့် ရေရှည်မှာ ကျောက်ကပ်ကို ထိခိုက်နိုင်ပါတယ်။

**ပရိုတင်း**

ပရိုတင်းက ကိုယ်ခံအားကောင်းစေပြီး အရိုးတွေသန်မာစေတယ်။ ကြွက်သားတွေဖြစ်ပေါ်စေသလို ပရိုတင်းက တစ်သျှူးအသစ်တွေဖြစ်ပေါ်စေနိုင်တယ်ဆိုပေမယ့် ပရိုတင်းတွေကို အလွန်အကျွံစားသုံးတာက ကျောက်ကပ်ကိုဝန်ပိစေပြီး ရေရှည်မှာ ကျောက်ကပ်ကိုထိခိုက်စေနိုင်ပါတယ်။ ကျောက်ကပ်ပျက်စီးတာမျိုးဖြစ်စေနိုင်ပါတယ်။ အထူးသဖြင့် အနီရောင်အသားတွေ၊ ဥအမျိုးမျိုး၊ နို့နဲ့နို့ထွက်ပစ္စည်း စတာတွေကို အလွန်အကျွံမစားသုံးသင့်ပါဘူး။

**ရေသောက်နည်းခြင်း**

ရေသောက်နည်းတာက ရေဓာတ်ခန်းခြောက်မှုဖြစ်စေနိုင်ပြီး ရေရှည်မှာ ကျောက်ကပ်ထိခိုက်တာမျိုးဖြစ်စေနိုင်ပါတယ်။ ရေများများသောက်မှ ကျောက်ကပ်က အဆိပ်အတောက်တွေဖယ်ရှားပေးပြီး ကျောက်ကပ်ကျန်းမာစေဖို့ အထောက်အကူပေးနိုင်ပါတယ်။

ရေများများသောက်တာက ကျောက်ကပ်နဲ့ဆီးလမ်းကြောင်းပိုးဝင်တာမျိုးမဖြစ်စေဖို့ ကာကွယ်ပေးသလို ကိုယ်ခံအားကောင်းစေပြီး အသားအရေကို ကြည်လင်စေပါတယ်။ နေ့စဉ်စားသုံးလိုက်တာတွေက ကျောက်ကပ်နဲ့ဆီးလမ်းကြောင်းအပေါ် အခုလိုသက်ရောက်မှုတွေရှိနေတယ်ဆိုတာ သတိပြုစေချင်ပါတယ်။ ဒါကြောင့် နေ့စဉ်စားသုံးမှုမှာ အသီးအရွက်များများပါဝင်အောင် စားသုံးသင့်ပါတယ်။ ကျောက်ကပ်နဲ့ ဆီးလမ်းကြောင်းကျန်းမာရေးကိုထိခိုက်စေနိုင်တဲ့ အသီးအနှံတွေကို ရှောင်ဖို့တော့လိုအပ်ပါတယ်။

**ကာဗွန်ဖြည့်စွက်ထားတဲ့အချိုရည်**

ကာဗွန်ဖြည့်စွက်ထားတဲ့အချိုရည်အများစုမှာ သကြားနဲ့ကဖင်းဓာတ်လည်း အမျိုးအစားများစွာပါဝင်ပါတယ်။ အက်စစ်ဓာတ်၊ အချိုခဲ၊ ကဖင်းထပ်မံဖြည့်စွက်ထားတဲ့အချိုရည်တွေက မကြာခဏဆီးသွားတဲ့ဝေဒနာခံစားနေရသူတွေမှာ ဝေဒနာပိုမိုဆိုးစေတာကြောင့် ရှောင်ကြဉ်သင့်ပါတယ်။ အက်စစ်ဓာတ်ပါဝင်မှုနည်းတဲ့ သဘာဝလက်ဖက်စိမ်းရည်သောက်တာက ဆီးအိတ်ကိုလှုံ့ဆော်မှုနည်းစေတယ်။

**ဟင်းခတ်အမွှေးအကြိုင်များ**

ပူဒီနာ၊ ပင်စိမ်း၊ အသားနူးအောင်အချဉ်ဓာတ်ထည့်ချက်တာတွေက ဆီးအိတ်ကို လှုံ့ဆော်မှုဖြစ်စေပါတယ်။ ကြက်သွန်နီ၊ လေးညှင်းပွင့်၊ ပဲပိစပ်ဆော့နဲ့ ငရုတ်သီးတွေကတော့ ဆီးအိတ်ကို သိသိသာသာလှုံ့ဆော်မှုမရှိပါဘူး။

**သကြား**

သကြားက ဆီးအိတ်ထဲမှာ အချိုဓာတ်ဖြစ်စေတယ်။ ဒါက ဆီးအိတ်ကိုလှုံ့ဆော်မှုဖြစ်စေတဲ့ အဖြစ်များတဲ့အချက်တစ်ခုဖြစ်ပါတယ်။ သကြားဓာတ်များစွာရနိုင်တဲ့ ချောကလက် ဒါမှမဟုတ် ဆော်ဒါအချိုရည်ထဲမှာ ကဖင်းပါဝင်တာကြောင့် မကြာခဏဆီးသွားအောင်လှုံ့ဆော်ပေးပါတယ်။

**သကြားတု**

သကြားစားသုံးတာက ဆီးအိတ်ကိုလှုံ့ဆော်တာကြောင့် သကြားတုကို အစားထိုးအသုံးမပြုသင့်ပါဘူး။ သကြားတုက ကိုယ့်ကိုဒုက္ခပေးနိုင်တယ်။ သကြားတုမှာပါဝင်တဲ့ဓာတုဒြပ်ပေါင်းက ဆီးအိတ်ကြွက်သားတွေတောင့်တင်းစေပါတယ်။ ဒါကြောင့် သကြားအစား သကြားတုကို အစားထိုးစားသုံးဖို့မသင့်ပါဘူး။

**ဟစ်တမင်းပါတဲ့အစားအစာ**

ဟစ်တမင်းက ဓာတ်မတည့်မှုဖြစ်စေပြီး နှာစေးတာခံစားရနိုင်တဲ့အပြင် ထိခိုက်လွယ်တဲ့ဆီးအိတ်ကို လှုံ့ဆော်မှုဖြစ်စေပါတယ်။ ဟစ်တမင်းများစွာပါဝင်တဲ့ တိုဟူး၊ ချိစ်၊ နေကြာစေ့၊ တူနာငါး၊ အချဉ်ဖောက်ပြီးပြုလုပ်ထားတဲ့အစားအစာတွေက ဆီးအိတ်ကိုလှုံ့ဆော်မှုဖြစ်စေတာကြောင့် မကြာခဏဆီးသွားတဲ့ဝေဒနာခံစားနေရသူတွေအနေနဲ့ ရှောင်ကြဉ်သင့်ပါတယ်။

**ဗီတာမင်-B အုပ်စု**

ဗီတာမင်-B အုပ်စုမှာပါဝင်တဲ့ အဆီမှာမပျော်ဝင်တဲ့ ဗီတာမင်အမျိုးအစားတွေကို ဆီးထဲကစွန့်ထုတ်နိုင်ပါတယ်။ အများစုက ပင်ပန်းနွမ်းနယ်နေတဲ့အခါ ဗီတာမင်မျိုးစုံပါတဲ့အားဆေးကို သောက်သုံးတတ်ကြတယ်။ ခန္ဓာကိုယ်ကမလိုအပ်တဲ့ ပိုလျှံနေတဲ့ဗီတာမင်တွေကို ဆီးထဲကနေ စွန့်ထုတ်သင့်ပါတယ်။ ပိုလျှံနေတဲ့ ဆီးထဲကစွန့်ထုတ်တဲ့ ဗီတာမင်-B အုပ်စုက ဆီးအိတ်ကိုလှုံ့ဆော်လို့ မကြာခဏဆီးသွားတဲ့ဝေဒနာကို ပိုဆိုးစေပါတယ်။ ဆီးမထိန်းနိုင်တာကြာရင် ဆရာဝန်နဲ့ပြသသင့်ပါတယ်။

ဒေါက်တာလွင်သန့်

# နွားနောက်မျိုးစိတ်အကြောင်း သိကောင်းစရာများ

ဒေါက်တာခင်စန္ဒာလွင်(မွေး/ကု)

နွားနောက်သည် မြန်မာနိုင်ငံ အထူးသဖြင့် ချင်းပြည်နယ်၏တောင်တန်းဒေသများတွင် အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူထားသော နွားမျိုးစိတ်တစ်ခုဖြစ်သည်။ နွားနောက်သည် အရှေ့ဟိမဝန္တာ အိန္ဒိယအရှေ့မြောက်ပိုင်း၊ မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံနှင့် တိဘက်တောင်တန်းဒေသများရှိ တိုင်းရင်းသားဒေသခံလူမျိုးများအတွက် အလွန်အရေးပါသော်လည်း သုတေသနနှင့်ထိန်းသိမ်းရေးလုပ်ငန်းများတွင် လျစ်လျူရှုခံနေရသည်။ နွားနောက်သည် အိန္ဒိယအရှေ့မြောက်ပိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့တွင်တွေ့ရှိရသော ခြေအိတ်ဖြူပုံစံ အမှတ်အသားနှင့် ချွန်ထက်သောတြိဂံပုံဦးချိုများပါရှိသည့် နွားမျိုးဖြစ်သည်။ နွားနောက်သည် ယဉ်ကျေးအောင် မွေးမြူထားသော ထူးခြားသည့်နွားမျိုးစိတ်တစ်ခုဖြစ်ပြီး နှစ်ပေါင်း ၈၀၀၀ ကျော်ကတည်းက စတင်ပေါ်ပေါက်ခဲ့သည်ဟု မှတ်ယူထားကြသည်။

နွားနောက်သည် ချင်းလူမျိုးများအပါအဝင် အရှေ့ဟိမဝန္တာတိုင်းရင်းသားများအတွက် သန့်ရှင်းမြင့်မြတ်သောတိရစ္ဆာန်အဖြစ်ကိုးကွယ်မှုရှိပြီး လူမှုရေး၊ ဓလေ့ထုံးတမ်းနှင့် စီးပွားရေးလုပ်ငန်းများတွင် ဗဟိုချက်မအဖြစ် ပါဝင်နေပေသည်။ အသားထုတ်လုပ်ရန် အဓိကမွေးမြူကြပြီး စိုက်ပျိုးရေးလုပ်ငန်းသုံးယာဉ်အဖြစ်လည်းကောင်း၊ မြေယာထွန်ယက်ရာတွင်လည်းကောင်း အသုံးပြုသည်။ ရိုးရာဓလေ့အရ ဘာသာရေးအခမ်းအနားများတွင် ပူဇော်ပသခြင်းနှင့် မိသားစု၏ချမ်းသာကြွယ်ဝမှုကို ဖော်ညွှန်းသည့် အထိမ်းအမှတ်သင်္ကေတလည်းဖြစ်ပြီး လူမှုအသိုင်းအဝိုင်းအတွင်း အဆင့်အတန်းသတ်မှတ်ရာတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေသည်။ အိန္ဒိယတွင် နွားနောက်အသားသည် ယဉ်ကျေးမှုနှင့်ဘာသာရေးအရအရေးပါပြီး မင်္ဂလာဆောင်နှင့် ခရစ္စမတ်ပွဲတော်များတွင် ရေပန်းစားသော အစားအစာတစ်ခုဖြစ်သည်။

## နွားနောက်၏သဘာဝ

အပင်စားသတ္တဝါဖြစ်ပြီး သဘာဝအတိုင်းနီးပါးနေထိုင်သော အလေ့အထကြောင့် အပူပိုင်းမိုးသစ်တောများ ထိန်းသိမ်းရေးတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေသည်။ နွားနောက်များကို ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၂၀၀၀ မှ ၉၀၀၀ အကြား သစ်တောထူထပ်သောဒေသများတွင် ပုံမှန်အားဖြင့်တွေ့ရသည်။ ကြမ်းတမ်းသည့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသည်။ မြေပြန့်လွင်ပြင်ထက် တောင်စောင်း တောင်ကမ်းပါးနှင့် တောင်ပြန့်များတွင် အုပ်စုဖွဲ့နေထိုင်ကျက်စားလေ့ရှိသည်။ သို့သော် နှစ်ပေါင်းများစွာကြာလာသည်နှင့်အမျှ နွားနောက်များ၏သစ်တောကျက်စားရာနေရာများ လျော့နည်းလာခဲ့သည်။ နွားနောက်များသည် မြက်ခင်းများကို စားသုံးသည့် အခြားနွားမျိုးနွယ်များနှင့် မတူဘဲ သစ်တောထဲမှအရွက်များနှင့်အပင်ငယ်များကို စားလေ့ရှိသည်။ အရွက်၊ သစ်ဖု၊ သစ်မြစ်နှင့် ချုံနွယ်များကို နှစ်သက်ပြီး မနက်စောစောနှင့်ညနေခင်းတွင် အစာရှာလေ့ရှိသည်။ လေ့လာမှုများအရ နွားနောက်များသည် အပင်များ၏အရွက်အစိတ်အပိုင်းများကို အဓိကစားသုံးလေ့ရှိပြီး အညွန့်အစိတ်အပိုင်းများကိုမူ အလွန်နည်းပါးစွာ စားသုံးကြောင်း တွေ့ရှိရသည်။ ဆားငန်ရည်ရှိသောစားကျက်မြေကို ပိုမိုကြိုက်နှစ်သက်သည်။ ပုံမှန်ဆားကျွေးမွေးခြင်းအားဖြင့် အလွန်ယဉ်ပါးသောတိရစ္ဆာန်အဖြစ် လေ့ကျင့်မွေးမြူလေ့ရှိသည်။ နွားနောက်အချို့သည် တောရိုင်းသတ္တဝါများအဖြစ် သစ်တောထဲတွင် အချိန်ပြည့်နေကြသော်လည်း



အများစုမှာ ညဘက်တွင် ကျေးရွာသို့ပြန်လာလေ့ရှိသည်။ ရိုးရာဓလေ့အရ ချင်းလူမျိုးများသည် နွားနောက်များကို ညဘက်တွင် တိုင်ထောင်အိမ်များ၏အောက်တွင်ထားလေ့ရှိသည်။ နွားနောက်များကို မြို့ပြထက်ကျေးလက်ကျေးရွာများတွင် အများဆုံးမွေးမြူကြသည်။ သို့သော် ယခုအခါ မင်းတပ်နှင့်မတူပီမြို့တို့တွင် မြို့ပြင်ဘက်၌ နွားနောက်အုပ်များကို စတင်မွေးမြူလာကြသည်။ နွားနောက်များသည် သစ်တောများကို ထိန်းသိမ်းရန် အကြောင်းတစ်ခုလည်းဖြစ်ခဲ့သည်။ အစာအဖြစ်စားသုံးရာမှ သစ်ပင်မျိုးစေ့များကို အူလမ်းကြောင်းမှ တစ်ဆင့်ပြန့်ပွားစေခြင်း(Endozoochory)ဖြင့် သစ်ပင်များ၏မျိုးစေ့ပျံ့နှံ့မှုကို အထောက်အကူပြုပြီး သစ်တောဂေဟစနစ်ကိုထိန်းသိမ်းပေးသည်။ ချင်းလူမျိုးများအတွက် နွားနောက်များသည် သစ်တောရိုင်းကြီးနှင့်ကျေးရွာတို့ကြားရှိ အကျိုးပြုသောဆက်သွယ်မှုတစ်ခုဖြစ်သည်။

## ဖြစ်ပွားတတ်သောရောဂါများ

နွားနောက်များ၏ကျန်းမာရေးသည် ဒေသခံတိုင်းရင်းသားများ၏စီးပွားရေးနှင့် ယဉ်ကျေးမှုအတွက် အရေးပါလှပေသည်။ Bos frontalis များသည် အခြားနွားမျိုးနွယ်ဝင်များကဲ့သို့ပင် ကူးစက်နိုင်သောရောဂါနှင့် မကူးစက်နိုင်သောရောဂါများကိုခံစားရနိုင်သည်။ နွားနောက်များတွင် ခွာနာလျှာနာရောဂါ၊ ဒေါင့်သန်းနာရောဂါ၊ အရေပြားအဖုအပိမ့်ရောဂါ၊ နာတာရှည်ဝမ်းပျက်ဝမ်းလျှောဂျုန်းရောဂါ၊ သားလျှောရောဂါ စသောကူးစက်ရောဂါများနှင့် (သွေးစုပ်ကပ်ပါးများ စသည့်ကပ်ပါးရောဂါများဖြစ်ပွားနိုင်ပြီး စီးပွားရေးဆုံးရှုံးမှုများကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် ကာကွယ်ဆေးထိုးခြင်း၊ သန့်ရှင်းသော မွေးမြူရေးစနစ်နှင့် ပုံမှန်ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ရန် အရေးကြီးသည်။ နွားနောက်၏သဘာဝနှင့် လိုက်လျောညီထွေစွာ နေထိုင်ခြင်းအလေ့အထသည် ရောဂါထိန်းချုပ်ရေး၊ ဂေဟစနစ်တည်ငြိမ်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲအတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေသည်။ ထို့ကြောင့် ၎င်း၏ဂေဟစနစ်ကို ကာကွယ်ခြင်းသည် လူနှင့်တိရစ္ဆာန်များ၏ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည်။ နွားနောက်များ၏ ပုံမှန်နေထိုင်ရာသစ်တောများကို သစ်ခုတ်မှုနှင့်လက်ဖက်ခြံများ ကျူးကျော်ဝင်ရောက်လာမှုတို့က ခြိမ်းခြောက်နေသည်။ နွားနောက်အမများသည် နို့စို့ကလေးငယ်များနှင့်အတူရှိလျှင် ရန်မူတတ်လေ့ရှိသည်။ သားပေါက်ငယ်များကို ခွေးအနှင့် အခြားတောရိုင်းတိရစ္ဆာန်များ ကိုက်ဖြတ်စားသောက်ခြင်းကြောင့် နွားနောက်ဦးရေတိုးပွားမှုကို အဟန့်အတားဖြစ်စေသည်။

## နွားနောက်၏ ထူးခြားသောလက္ခဏာများ

၎င်း၏ထင်ရှားသော လက္ခဏာမှာ ဦးခေါင်းပိုင်းတွင်ဖြစ်သည်။ ဘို့မရှိ၊ ဦးချိုအရင်း၌ ပြားနေတတ်ပြီး ၎င်း၏ဦးခေါင်းတွင် ဖွံ့ဖြိုးထူထဲသော နဖူးရိုး၊ ပြားချပ်သည့်မျက်နှာပုံပန်းနှင့် ဆန့်ကျင်ဘက်တြိဂံပုံ အစိတ်အပိုင်းတို့ပါရှိပြီး ထိုနေရာမှ ဘေးနှစ်ဖက်သို့ကော့ထွက်နေသော ဦးချိုများက ထူးခြားသောအသွင်အပြင်ကို ဖန်တီးထားသည်။ လည်ပင်းအောက်တွင် လျှော့ကျနေသော လည်ပင်းအရေပြားရှိသည်။ အထီးများတွင် ပို၍သိသာသည်။ ကျောကုန်းရိုးတစ်လျှောက်တွင်မို့မောက်၍နေတတ်သည်။ ကြံ့ခိုင်သောကြွက်သားများ၊ ကျယ်ပြန့်သော ရင်အုပ်နှင့် ခြေထောက်များရှိသည်။ အမွေးအရောင်မှာနက်မှောင်သောအညိုရောင် သို့မဟုတ် အနက်ရောင်ဖြစ်ပြီး ခြေအနိမ့်ပိုင်းမှာ အဖြူ သို့မဟုတ် ဝါညိုရောင်ဖြစ်သည်။ နွားနောက် သားရေခွံသည် သာမန်နွားများ၏အရေခွံထက် အရွယ်အစားနှင့် အထူသုံးဆနီးပါးရှိသည်။

## အရွယ်ရောက်ခြင်းနှင့်မျိုးပွားခြင်း

နွားနောက်များသည် polyestrous သတ္တဝါများဖြစ်ပြီး တစ်နှစ်ပတ်လုံး မျိုးပွားနိုင်ကာ သတ်သတ်မှတ်မှတ် မွေးမြူရာသီမရှိပါ။ တောထဲတွင် တစ်နှစ်ပတ်လုံး လွတ်လပ်စွာသွားလာလျက် လူသားများ၏ ဝင်ရောက်စွက်ဖက်မှုမရှိဘဲ သဘာဝအတိုင်း မျိုးပွားကြသည်။ နွားနောက်များသည် အများအားဖြင့် အရွယ်ရောက်သောအထီးတစ်ကောင်၊ အမငါးကောင်မှ ၁၀ ကောင်နှင့်ငယ်ရွယ်သောကလေးများပါဝင်သော အုပ်စုများဖွဲ့၍ နေတတ်ကြသည်။ သာမန်နွားများထက်ကြီးထွားနှုန်းကောင်း၍ အရွယ်ရောက်ချိန်စောသည်။ အထီးများသည် ၁၈ လမှ ၂ နှစ်အကြားတွင် အရွယ်ရောက်သည်။ အမသည် တစ်နှစ်ခွဲတွင် အရွယ်ရောက်၍ မိတ်လိုက်ပြီး သားပေါက်လေ့ရှိကာ တစ်နှစ်တစ်သားကျသည်။ ကိုယ်ဝန်ဆောင်ကာလမှာ ၂၇၄ ရက်ဖြစ်သည်။ အသက် ၁၂ နှစ်မှ ၁၅ နှစ်အထိ သားမွေးနိုင်သည်။ မိုးရာသီနှင့်ဆောင်းဦးရာသီတို့တွင် သားပေါက်နှုန်းအများဆုံး ၃၃ ဒသမ ၃ ဖြစ်ပြီး နွေရာသီနှင့်ဆောင်းရာသီတို့တွင် သားပေါက်နှုန်း ၁၆ ဒသမ ၇ သာ တွေ့ရှိရသည်။ ၎င်းသည် ဆောင်းရာသီ ဒီဇင်ဘာလနှင့် ဖေဖော်ဝါရီလတို့တွင် သန္ဓေအောင်နှုန်း ပိုမိုမြင့်မားကြောင်း ညွှန်ပြနေသည်။ နွေရာသီပြီးနောက် မိုးရာသီ၊ ဆောင်းဦးရာသီနှင့် ဆောင်းရာသီတို့တွင် အစိမ်းရောင်အရွက်များ၊ မြက်များရရှိနိုင်မှုကြောင့် တိရစ္ဆာန်များ၏ အစာစားနှုန်းနှင့်ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာခြင်းဖြစ်နိုင်သည်။ နွားနောက်သည် အခြားနွားမျိုးစိတ်များနှင့် မျိုးစပ်နိုင်သော်လည်း အထီးသားပေါက်များသည် မျိုးမအောင်တတ်ပါ။ သားစမ်းသပ်မှုသုတေသနအရ နွားရွှေနီအထီးနှင့် နွားနောက်အမမျိုးစပ်ပါက ပေါက်ပွားသောအမသည် မျိုးအောင်၍ အထီးသည်သားမြုံသည်။ နွားနောက်အထီးနှင့် နွားရွှေနီအမမျိုးစပ်ပါက ပေါက်ပွားသော အထီးအမများသည် မျိုးအောင်ပြီး နွားနောက်အထီးနှင့် နို့စားနွားဖရီရှန်အမ၊ နို့စားနွားဖရီရှန်အထီးနှင့် နွားနောက်အမတို့ သားစပ်ပါကလည်း ပေါက်ပွားသော အထီး၊ အမနှစ်မျိုးလုံး မျိုးအောင်သည်ကို တွေ့ရှိရသည်။ နွားနောက်အထီးသည် ၆နှစ်မှ ၇နှစ်အရွယ်ထိ မိတ်လိုက်လေ့ရှိပြီး ကျော်လွန်ပါကသီးသန့်နေတတ်သည်။ အရည်အသွေးပြည့်မီသော မျိုးပွားမှုဆိုင်ရာ နွားနောက်ထီးများ ရှားပါးခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ အရည်အသွေးပြည့်မီသော နွားနောက်ထီးများ မလုံလောက်ခြင်းကြောင့်၊ မျိုးရိုးတူချင်းမွေးမြူမှုများနှင့် မျိုးဆက်ပျက်စီးမှုများ ဖြစ်ပေါ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထူးချွန်သော နွားနောက်ထီးအနည်းစုကိုသာ အလွန်အကျွံအသုံးပြုရခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် အရွယ်အစားကြီးမားပြီး အရည်အသွေးကောင်းသော နွားနောက်များကို ပွဲတော်များနှင့် အခမ်းအနားများတွင် အစုလိုက် သတ်ဖြတ်လေ့ရှိသဖြင့် ကျန်ရှိသောအားနည်းသည့် တိရစ္ဆာန်များကိုသာ မျိုးပွားရန်အသုံးပြုနေရသည်။ သဘာဝကျက်စားရာနေရာများ ဆုံးရှုံးလာမှုနှင့် အခြားခြိမ်းခြောက်မှုများကြောင့် ကမ္ဘာပေါ်ရှိ နွားနောက်အရေအတွက်သည် ကျဆင်းလျက်ရှိသည်။ ထို့ကြောင့် ဤပြဿနာကို ဖြေရှင်းရန် ခေတ်မီနည်းလမ်းများကို စမ်းသပ်အသုံးပြုရန် အရေးကြီးသည်။ အသုံးပြုနိုင်သော ခေတ်မီနည်းပညာများမှာ ၁။ မေထုန်မဲ့မျိုးစပ်ခြင်းနည်းပညာ၊ ၂။ သားအောင်ချိန်ကို ထိန်းညှိခြင်း၊ ၃။ သန္ဓေသားလွှဲပြောင်းနည်းပညာတို့ဖြစ်သည်။

ဤသို့ သိပ္ပံနည်းကျမွေးမြူခြင်းအားနွားနောက်၏ ထုတ်လုပ်မှုစွမ်းရည်ကို စူးစမ်းလေ့လာခြင်းနှင့် ခေတ်မီဇီဝနည်းပညာများ ဥပမာမျိုးပွားဆိုင်ရာဇီဝနည်းပညာ၊ အစာအာဟာရဖွံ့ဖြိုးရေးနည်းပညာနှင့် ရောဂါရှာဖွေရေးတွင် နည်းပညာအသစ်များ အသုံးပြုခြင်းမှ တစ်ဆင့်သာ အောင်မြင်စွာအကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။


## နွားနောက်၏အသားနှင့်နို့

တောတောင်ထဲတွင် လွတ်ကျောင်းမွေးမြူထားသော နွားနောက်များတွင် ဟော်မုန်းပါဝင်သောထိုးဆေး၊ ပိုးသတ်ဆေး၊ ဓာတုမြေသြဇာစသည့်ဓာတုပစ္စည်းများမပါဝင်ခြင်းနှင့် အဆိပ်အတောက်ကင်းစင်ပြီး သဘာဝအတိုင်းကြီးထွားခြင်းတို့ကြောင့် နွားနောက်အသားနှင့်နို့သည် အာဟာရပြည့်ဝသောအော်ဂဲနစ်ထုတ်ကုန်များဖြစ်ကာ ဈေးကွက်တွင် အထူးတန်ဖိုးရှိသည်။ မြက်နှင့်သဘာဝအစာစားသုံးမှုကြောင့် မွေးမြူရေးနွားများမှထွက်ရှိသော အမဲသားထက် ပိုမိုမာကျောပြီး အရသာရှိခြင်း၊ အဆီပါဝင်မှုနည်းပြီး ကျန်းမာရေးနှင့်သင့်တော်ခြင်းတို့ကြောင့် နွားနောက်အသားကို အိန္ဒိယအရှေ့မြောက်ပိုင်း၊ **စာမျက်နှာ ၂၆ သို့◆**

◆ **စာမျက်နှာ ၂၅ မှအဆက်**

မြန်မာနိုင်ငံ အနောက်မြောက်ဒေသနှင့် ဘူတန်တို့တွင် ရိုးရာဓလေ့ဆိုင်ရာ အခမ်းအနားများ၊ မင်္ဂလာဆောင်များနှင့် ဒေသခံများ၏ နေ့စဉ်အစားအစာအဖြစ် စားသုံးကြသည်။ အထီးများကို သုံးနှစ်မှ လေးနှစ်အရွယ်တွင် အသားထုတ်လုပ်ရောင်းချနိုင်သည်။ အသားထွက်နှုန်း မဟုတ်သော်လည်း ၎င်း၏နို့အဆီပါဝင်မှုမြင့်မားခြင်းမှာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၀၀၀ မှ ၃၀၀၀ မီတာအမြင့်ရှိ နေထိုင်ရာဒေသကြောင့်ဖြစ်နိုင်သည်။ ထို့ပြင် နွားနောက်နို့၏အဆီနှင့် ပရိုတင်း မြင့်မားမှုမှာ မျိုးရိုးဗီဇထူးခြားမှုနှင့်နို့ထွက်နှုန်းနည်းပါးမှုတို့ကြောင့်လည်းဖြစ်နိုင်သည်။

**မွေးမြူသောစနစ်**




**မွေးမြူထားရှိသော နွားနောက်ကောင်ရေစာရင်း(တိ-ကောင်ရေစာရင်း ၂၀၂၃)မှ**

ပိဿာ ၈၀ မှ ၂၀၀ ထိရှိနိုင်သည်။ နွားနောက်များကို အိန္ဒိယအရှေ့မြောက်ပိုင်းနှင့် ဘူတန်နိုင်ငံတို့တွင် အဓိကအားဖြင့် နို့ထုတ်လုပ်ရန်အတွက် မွေးမြူကြသည်။ နွားနောက်၏နို့တွင် ထောပတ်ဓာတ်ကြွယ်ဝသည်။ နွားနို့ ၁၀၀ ဂရမ်လျှင် အဆီ ၃ ဒသမ ၃ ဂရမ်နှင့် ပရိုတင်း ၃ ဒသမ ၃ ဂရမ်နှင့် နှိုင်းယှဉ်ပါက နွားနောက်နို့တွင် အဆီ ၈ ဒသမ ၉ ဂရမ်/ ၁၀၀ ဂရမ်နှင့် ပရိုတင်း ၆ ဒသမ ၅ ဂရမ်/ ၁၀၀ ဂရမ်ပိုမိုပါဝင်သည်။ နွားနောက်နို့၏ ဖွဲ့စည်းမှုသည် သာမန်နွားနို့ထက် အဆီနှင့် ပရိုတင်းပါဝင်မှုပိုမိုများပြားကြောင်း တွေ့ရှိရသည်။ နို့တိုက်နှောင်းကာလရှိ နွားနောက်တစ်ကောင်၏ နို့တွင် ပရိုတင်း ၆ ဒသမ ၇၈ ဂရမ်/၁၀၀ ဂရမ်နှင့် အဆီ ၁၀ ဒသမ ၃ ဂရမ်/၁၀၀ ဂရမ် ပါဝင်သည်။ နွားနောက်သည် အာတိတ်ဒေသသတ္တဝါ

မြန်မာနိုင်ငံတွင် နွားနောက်မွေးမြူခြင်းကို အထူးသဖြင့် ချင်းပြည်နယ်၏ တောင်တန်းဒေသများတွင် ရိုးရာမွေးမြူခြင်းစနစ်များဖြင့် ဆောင်ရွက်လျက်ရှိသည်။

➢ **သဘာဝအတိုင်း လွှတ်ကျောင်းစနစ်**

● နွားနောက်များကို သစ်တောများအတွင်း လွတ်လပ်စွာလှည့်လည်ကျက်စားခွင့်ပေးထားပြီး ညဘက်တွင် ကျေးရွာသို့ ပြန်ခေါ်လေ့ရှိသည်။

● အထီးများမှာ တောထဲတွင် အချိန်ပြည့်နေလေ့ရှိပြီး အမများကို သားမွေးချိန်နီးပါက ယာယီခြံများတွင်ထားရှိသည်။

➢ **တစ်ဝက်လွှတ်ကျောင်း ပေါင်းစပ်မွေးမြူခြင်း**

● နွားနောက်များကို မိုးရာသီနှင့် မျိုးပွားကာလများတွင် လွတ်လပ်စွာ လှည့်လည်စားသောက်ခွင့်ပြုသည်။ သဘာဝအလျောက် မိတ်လိုက်ခြင်း၊ အုပ်စုဖွဲ့ခြင်းများဖြင့် မျိုးရိုးဗီဇကောင်းသော သားကောင်းများ မွေးဖွားလာစေသည်။

➢ **ဆားဖြင့်သာ ထိန်းချုပ်မွေးမြူခြင်း**

● ဒေသခံများသည် ဆားကို အဓိကအသုံးပြု၍ နွားနောက်များကို ထိန်းသိမ်းသည်။ ဆားသည် နွားများအား ခြံအနီးသို့ ဆွဲဆောင်ရန် သဘာဝနည်းလမ်းဖြစ်သည်။ ဆားလောင်းခြင်းဖြင့် နွားများ၏ သတ္တုဓာတ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။

➢ **အနည်းငယ်သာ အမိုးအကာသုံးခြင်း**

● သားမွေးခါနီးအမများအတွက်သာ ယာယီခြံများပြုလုပ်ပေးပြီး ပုံမှန်အားဖြင့် အခြားနွားနောက်များကို အမိုးအကာမဲ့စနစ်ဖြင့် မွေးမြူကြပြီး မိုးရာသီနှင့် အေးသောရာသီတွင် သစ်ရွက်များဖြင့် ကာကွယ်ပေးလေ့ရှိသည်။

➢ **နေ့ပိုင်းလွှတ်ကျောင်း၊ ညပိုင်းခြံခတ်မွေးမြူခြင်း**

● နေ့အချိန် တောတွင်း/မြက်ခင်းပြင်များတွင် အလိုလိုလွှတ်ကျောင်းကာ သဘာဝမြက်၊ သစ်ရွက်များစားခွင့်ပြုသည်။

● ညအချိန် ခြံအတွင်းသို့ပြန်ခေါ်၍ လုံခြုံရေးနှင့် သားရဲတိရစ္ဆာန်အန္တရာယ်မှကာကွယ်သည်။

➢ **စိုက်ပျိုးရာသီတွင် ခြံလှောင်မွေးခြင်း**

● ခြံလှောင်စနစ်တွင် သုံးနှစ်တစ်ကြိမ် နေရာပြောင်းပြီး ခြံဟောင်းနေရာကို တောင်ယာစိုက်ပျိုးမြေအဖြစ် ပြန်လည်အသုံးပြုကြသည်။

နွားနောက်၏ ကျန်းမာရေးဆိုင်ရာ လေ့လာမှုများနှင့်ပတ်သက်သော စာတမ်းများသည် ရှားပါးပြီး ၎င်းတို့၏ရောဂါများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အသေးစိတ်အချက်အလက်များ လုံလောက်စွာမရှိသေးပါ။ ထို့ကြောင့် သိပ္ပံနည်းကျလေ့လာမှုများပြုလုပ်ရန်လိုအပ်ပြီး ဤတိရစ္ဆာန်၏ ရောဂါဖြစ်ပွားနှုန်း၊ ရောဂါခံနိုင်ရည်၊ ရောဂါထိခိုက်လွယ်မှုတို့ကို သုတေသနပြုကာ ကျန်းမာရေးစီမံခန့်ခွဲမှုနည်းလမ်းများ ပိုမိုကောင်းမွန်စေရန်နှင့် သေဆုံးမှုနှုန်းနှင့် စီးပွားရေးဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်ကြိုးပမ်းသင့်သည်။ ယနေ့ခေတ် နွားနောက်မွေးမြူရေးမှာ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာမွေးမြူရေးနည်းလမ်းများဖြင့်သာမွေးမြူကြသည်။ နွားနောက်၏ထုတ်လုပ်မှုစွမ်းရည်နှင့် တိုင်းရင်းသားကျေးရွာများ၏ အသက်မွေးဝမ်းကျောင်းမှုကိုမြှင့်တင်ရန် သိပ္ပံနည်းကျမွေးမြူမှုများနှင့် ဆန်းသစ်တီထွင်မှုများ လိုအပ်နေသည်။ ၂၀၁၃ ခုနှစ်၏လေ့လာတွေ့ရှိချက်အရ နွားနောက်၏ အသားနှင့်နို့တွင် ထူးခြားကောင်းမွန်သော ဂုဏ်သတ္တိများရှိပြီး ၎င်း၏အာဟာရပြည့်ဝသောနို့ဖြင့် ထုတ်ကုန်များထုတ်လုပ်ရန် အခွင့်အလမ်းများရှိသည်။ နွားနောက်နို့ထွက်ပစ္စည်းများကို တန်ဖိုးမြှင့်တင်ခြင်းနှင့် မျိုးကွဲပစ္စည်းများဖန်တီးခြင်းဖြင့် တိုင်းရင်းသားလူမျိုးစုများ၏ဝင်ငွေကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ နွားနောက်အရေအတွက်သည် တဖြည်းဖြည်းလျော့နည်းလာလျက်ရှိပြီး အဓိကအားဖြင့် နွားနောက်အထီးများ ဒေသတွင်း၌မရရှိနိုင်ခြင်း၊ မျိုးမတူသွေးနှောခြင်းအလေ့အထများ တိုးပွားလာခြင်း၊ စားကျက်မြေများလျော့နည်းလာခြင်းနှင့် နွားနောက်မွေးမြူရေးဒေသများတွင် သင့်လျော်သောမွေးမြူရေးနှင့် အစာကျွေးမွေးရေးစီမံခန့်ခွဲမှုစနစ်ကို ယခုတိုင်တည်ထောင်နိုင်ခြင်းမရှိသေးသောကြောင့်ဖြစ်သည်။ နွားနောက်သည် အဓိကအားဖြင့် တောထဲမှအပင်၊ သစ်ရွက်နှင့် မြက်များကိုသာ စားသုံးသောကြောင့် အော်ဂဲနစ်ထုတ်ကုန်များ ဖွံ့ဖြိုးရန် ကောင်းမွန်သောအခွင့်အလမ်းရှိသည်။ ထို့ပြင် နို့ထုတ်လုပ်မှုသည်လည်း စီးပွားရေးအရအကျိုးအမြတ်ရှိသည်။ အဘယ်ကြောင့် ဆိုသော် နွားနောက်သည် တောထဲမှ သဘာဝအလျောက်ရရှိသော အပင်များကို အရည်အသွေးမြင့် အသား၊ အဆီပါဝင်မှုမြင့်နို့နှင့်ထူးခြားကောင်းမွန်သော သားရေပစ္စည်းများအဖြစ် ထိရောက်စွာပြောင်းလဲနိုင်သောတိရစ္ဆာန်ဖြစ်သည်။ ထိုသို့ပြောင်းလဲရာတွင်လည်း ဆားခဲကိုရံဖန်ရံခါသာထောက်ပံ့ပေးရန်လိုအပ်ပြီး အခြားလူသားများ၏ဝင်ရောက်စွက်ဖက်မှုမလိုအပ်ပေ။ ထို့ကြောင့် နွားနောက်မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်အောင်မြင်စေရန်နှင့် တိုင်းရင်းသားဒေသဖွံ့ဖြိုးရေးအတွက် အကျိုးပြုနိုင်စေရန် ခေတ်မီနည်းလမ်းများဖြင့် မြှင့်တင်သင့်ပါသည်။ ရေရှည်တွင် ဤကဲ့သို့သော လုပ်ဆောင်ချက်များသည် ဟိမဝန္တာဒေသ၏ကြွယ်ဝသောယဉ်ကျေးမှုကို ထိန်းသိမ်းရာတွင်သာမက ဒေသတွင်းရှိ သဘာဝထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ပွဲတော်များမှတစ်ဆင့်သာ နွားနောက်ကို နိုင်ငံတကာအလင်းရောင်အောက်သို့ ရောက်ရှိစေကာ ကမ္ဘာလုံးဆိုင်ရာအသိအမှတ်ပြုမှုရရှိစေနိုင်သည်။ ထို့ပြင် ဤပွဲတော်များသည် နိုင်ငံတကာခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်ပြီး မြန်မာနိုင်ငံအပါအဝင် အရှေ့ဟိမဝန္တာဒေသ၏ကျေးလက်စီးပွားရေးကိုမြှင့်တင်ပေးနိုင်သည့် အလားအလာများရှိပေသည်။ ဤသို့ဖြင့် နွားနောက်နှင့်ဆက်စပ်သော ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရင်း တစ်ချိန်တည်းမှာပင် ဒေသဖွံ့ဖြိုးရေးကိုပါ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

ရပ်စောက် နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် နောင်ခမ်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ သစ်တောကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၂၀ ရက် နံနက်ပိုင်းက ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးပြည့်ဖြိုးမောင်က သစ်တောထိန်းသိမ်းကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးလုပ်ငန်းများကို လည်းကောင်း မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဖြိုးမင်းက မီးဘေးအန္တရာယ်ကာကွယ်ခြင်းအကြောင်းအရာများနှင့် လက်တွေ့သရုပ်ပြခြင်းများကို လည်းကောင်း ဟောပြောဆောင်ရွက်သည်။

ထို့နောက် ၂၀၂၄ ခုနှစ် မိုးရာသီတွင် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီ စိုက်ပျိုးထားသည့်အပင်များမှ ရှင်သန်မှုအကောင်းဆုံးအပင်များအား သစ်မျိုးအလိုက် ဆုများပေးအပ်ခြင်း၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စာသင်ကျောင်းရန်ပုံငွေများလှူဒါန်းခြင်းများဆောင်ရွက်သည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြောင်း သိရသည်။

(၄၀၅)

# ကန့်ဘလူမြို့နယ်၌ ထောပတ်ပဲကေ ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကန့်ဘလူ နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ထောပတ်ပဲကေ ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကန့်ဘလူမြို့နယ်၌ ထောပတ်ပဲ ၃၈၄၂ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၃၇၉၇ ကေစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ပဲမျိုးစုံစိုက်ပျိုးကြသည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးကြရေးနှင့် လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲပုံကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)

MWD Variety Channel
၂၂-၁၁-၂၀၂၅(စနေနေ့)

၁။ ၀၉:၂၅ သိမှတ်ဖွယ်ရာသုတကမ္ဘာ
၂။ ၁၀:၄၅ Knowledge For Everyone
၃။ ၁၁:၄၀ မြတ်နိုးစေချင် သဘာဝပတ်ဝန်းကျင်
၄။ ၁၄:၃၀ သိလိုသမျှ ကျန်းမာရေးကဏ္ဍ
၅။ ၁၆:၂၀ ရှင်သန်ရာအနုပညာ
၆။ ၁၇:၄၀ စကားလက်ဆုံ


တရားမဝင်နိုင်ငံခြားသားများထားရှိသည့် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။


ထွက်ပြေးတိမ်းရှောင်နေသည့် နိုင်ငံခြားသား ၃၅၁ ဦး ဖမ်းဆီးထိန်းသိမ်းစစ်ဆေးမှုကို တွေ့ရစဉ်။



ထွက်ပြေးတိမ်းရှောင်နေသည့် နိုင်ငံခြားသား ၃၅၁ ဦး ဖမ်းဆီးထိန်းသိမ်းရရှိမှုကို တွေ့ရစဉ်။


ယန္တရားဖြင့် ဖြိုဖျက်မည့် လူနေအဆောက်အအုံအား တွေ့ရစဉ်။


KK Park အတွင်း ယန္တရားဖြင့် ဖြိုဖျက်မည့် အဆောက်အအုံများဖြိုချပြီး မြင်တွေ့ရစဉ်။

⊃ **ကျောဖုံးမှအဆက်**

အတွင်း၌ Online လောင်းကစားမှုနှင့် လိမ်လည်မှုများ ကျူးလွန်ခဲ့သည့် ပြည်ပနိုင်ငံသား ၃၅၁ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရှိရသည်။

မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်း Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုလျက်ရှိသည့် အဆောက်အအုံ ၆၃၅ လုံးရှိသည့်အနက် ယနေ့တွင် ၁၄ လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၉၆ လုံးဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် တရားမဝင်အဆောက်အအုံများကို ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာလ ၁၈ ရက်မှစတင်ဆောင်ရွက်ခဲ့ပြီးယနေ့စတုတ္ထနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေ၊ ရှင်းယုံလီဝင်းအတွင်းရှိ ၁၂ ထပ်အဆောက်အအုံ ၃ လုံးနှင့် ၉ ထပ် အဆောက်အအုံ ၃ လုံးတို့ကို ရှာဖွေစစ်ဆေးခဲ့ရာ Online လိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ ဝင်းအတွင်းရှိ ဂိုဒေါင်အတွင်းမှ star Link ဗန်း ၁၀၁ လုံးနှင့် Router ၂၀ လုံးတို့ကို စိစစ်တွေ့ရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ Online လိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းနေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၁၁၆ ဦး၊ ဗီယက်နမ်နိုင်ငံသား ၃၆ ဦး၊ ကင်ညာနိုင်ငံသား ၁၄ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၇၅ ဦး၊ တောင်အာဖရိကနိုင်ငံသား ၈ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၂၃ ဦး၊ ယူဂန်ဒါနိုင်ငံသား ၂၉ ဦး၊ ဇင်ဘာဘွေနိုင်ငံသား ၁ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၄ ဦး၊ ပါကစ္စတန်နိုင်ငံသား ၃ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁ ဦး၊ လိုက်ဘေးရီးယားနိုင်ငံသား ၁ ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား ၂ ဦး၊ မော်ရိုကိုနိုင်ငံသား ၁ ဦး၊ မာလဝီနိုင်ငံသား ၁ ဦး၊ ကင်မရွန်းနိုင်ငံသား ၆ ဦး၊ မွန်ဂိုလီးယားနိုင်ငံသား ၁ ဦးနှင့် တရုတ်(တိုင်ပေ)မှ ၁ ဦး၊ စုစုပေါင်း ၃၅၁ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ နိုဝင်ဘာလ ၁၈ ရက်မှ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၃၆၇ ဦးနှင့် Online လိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၆၅၃ လုံး၊ မိုဘိုင်းဖုန်း ၂၀၇၅၀ လုံး၊ star Link ဗန်း ၁၀၁ လုံး၊ Router ၂၀ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ်၊ ပူလွဲပူ ကျေးရွာအုပ်စု၊ ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသားစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၀၀ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့်

**စာမျက်နှာ ၂၈ သို့ ⊃**



လူနေအဆောက်အအုံ(၄)ထပ် C 3 အားမဖောက်ခွဲမီ တွေ့ရစဉ်။



လူနေအဆောက်အအုံ(၄)ထပ် C 3 အားဖောက်ခွဲရန် ယမ်းများတပ်ဆင်နေမှုကို တွေ့ရစဉ်။

⊃ စာမျက်နှာ ၂၇ မှအဆက်

ပြည်ပနိုင်ငံသား စုစုပေါင်း **၁၂၀၇** ဦး ထိန်းသိမ်းနိုင်ခဲ့ကာ **၁၁၆၄၀** ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား **၂၂၂၉** ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ



ရွှေကုက္ကိုလ် အဆောက်အအုံ တစ်ခုအတွင်း ဖြုတ်သိမ်းထားသည့် Starlink များကို တွေ့ရစဉ်။

ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်းပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၁ ရက်**တွင် မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းအရိုင်းတုံး (၃၇)ကီလိုဂရမ် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၈ ရက်**တွင် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၆ ရက်**တွင် ပန်းတောင်းမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၈၆၂)တန်၊ အခြားသစ် (၂ ဒသမ ၂၅၈)တန်၊ မီးသွေးပေါင်(၃၀) ဝင် (၁၀၉၀)အိတ် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၀၃၃၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၆ ရက်နှင့် ၁၇ ရက်**တို့တွင် ရေနံချောင်းမြို့နယ်၊ မကွေးမြို့နယ်၊ မင်းဘူးမြို့နယ်နှင့်မင်းလှမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၃)စီး၊ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မကွေးမြို့နယ်၊ လိပ်ကန်ကျေးရွာ၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်လက်ကိုင်ဖုန်း (၃)လုံးနှင့်ငွေစက္ကူရေရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၀၀၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၈၀၀၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၉ ရက်**တွင် တံတားဦးမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့အတွင်း၌ တရားမဝင်သစ်မာ (၃ ဒသမ ၁၄၆)တန်၊ အခြားသစ် (၈ ဒသမ ၅၉၂)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၃၆၈၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၈ ရက်**တွင် ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး၊ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၀ ရက်**တွင် သာပေါင်းမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် (၂ ဒသမ ၇၁၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၄၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပုသိမ်မြို့နယ်နှင့်မအူပင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂)စီးနှင့် လိုင်စင်မဲ့ထော်လာဂျီယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၆၄၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၈ ရက်**တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၉၉၄၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ **နိုဝင်ဘာလ ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်၊ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၆၆၇၅၃၆)**ကို ဖမ်းဆီးရမိခဲ့သည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည်အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအားသက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ မြဝတီ

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပရီးမီးယားလိဂ် လာလီဂါနှင့် စီးရီးအေ အမှတ်ပေးပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်



## နယူးကာဆယ် Vs မန်စီးတီး

**ကစားမည့် ရက် / အချိန်**

(၂၂-၁၁-၂၀၂၅ ရက် ည ၁၂:၀၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| မန်စီးတီး | ၄ - ၀ | နယူးကာဆယ် |
| နယူးကာဆယ် | ၁ - ၁ | မန်စီးတီး |
| မန်စီးတီး | ၂ - ၀ | နယူးကာဆယ် |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| နယူးကာဆယ် | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| မန်စီးတီး | အိမ်(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

**ခန့်မှန်းရလဒ်**

နယူးကာဆယ် ၁ - ၂ မန်စီးတီး

ပြီးခဲ့တဲ့ဘောလုံးရာသီမှာ မန်စီးတီးအသင်းကို နိုင်ပွဲမရရှိခဲ့တဲ့ နယူးကာဆယ်အသင်းအတွက် အခုပွဲစဉ်မှာလည်း အိမ်ကွင်းဆိုပေမယ့် ရုန်းကန်ရဖို့ ရှိနေပါတယ်။ နယူးကာဆယ်အသင်းက နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာလည်း သုံးပွဲနိုင်ပြီး နှစ်ပွဲရှုံးနိမ့်ထားလို့ ရလဒ်ပိုင်းက မတည်မငြိမ်ဖြစ်နေပါတယ်။ နယူးကာဆယ်အသင်းရဲ့ ဒီရာသီ ပရီးမီးယားလိဂ် အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းမှာတော့ ငါးပွဲကစားပြီးချိန်မှာ သုံးပွဲအနိုင်ရရှိထားပြီး နှစ်ပွဲရှုံးနိမ့်ထားလို့ အိမ်ကွင်းဆိုရင် ရလဒ်ပြတ်သားလေ့ရှိတာကို တွေ့ရမှာပါ။ နယူးကာဆယ်အသင်းက ဒီရာသီ ပရီးမီးယားလိဂ် ၁၁ ပွဲကစားပြီးချိန်မှာ သုံးပွဲသာ အနိုင်ရရှိထားပြီး သုံးပွဲသရေရလဒ်နဲ့ ငါးပွဲရှုံးနိမ့်ထားလို့ ခြေစွမ်းပိုင်းက မတည်မငြိမ်ဖြစ်နေလို့ အခုပွဲစဉ်မှာလည်း ရုန်းကန်ရဖို့ရှိနေပါတယ်။ အသင်းခံစစ်ပိုင်းကလည်း ၁၁ ပွဲကစားပြီးချိန်မှာ ၁၄ ဂိုးအထိ ပေးထားရလို့ လိုအပ်ချက်တွေရှိနေပြီး ရုန်းကန်နေရပါတယ်။

မန်စီးတီးအသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေဆက်တိုက်ပြန်လည်ကောင်းမွန်လာပြီး နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ လေးပွဲအနိုင်ရရှိခဲ့ပြီး တစ်ပွဲသာရှုံးနိမ့်ခဲ့ပါတယ်။ မန်စီးတီးအသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေ ဆက်တိုက်ကောင်းမွန်လာပြီး ချန်ပီယံလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနေပြီဖြစ်လို့ အဝေးကွင်းဆိုပေမယ့် အမှားခံမှာမဟုတ်ပါဘူး။ မန်စီးတီးအသင်း တိုက်စစ်ပိုင်းမှာ ဟာလန်းအပြင် ဒိုကူကလည်း အကောင်းဆုံးခြေစွမ်းပြပြီး သွင်းဂိုးတွေသွင်းယူနေလို့ နယူးကာဆယ်အသင်းခံစစ်ပိုင်းကို ဖိအားပေးကစားနိုင်မှာပါ။ မန်စီးတီးအသင်းရဲ့ ပရီးမီးယားလိဂ် အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းမှာတော့ ငါးပွဲကစားပြီးချိန်မှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ နှစ်ပွဲရှုံးနိမ့်ထားလို့ ပုံမှန်ခြေစွမ်းပိုင်းဆိုပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာတော့ ခြေစွမ်းပိုင်းက တည်ငြိမ်မှုအပြည့် ရှိနေပါတယ်။

ဒီနှစ်သင်းကြားထိပ်တိုက်တွေ့ဆုံမှုအပိုင်းမှာတော့ မန်စီးတီးအသင်းက ၂၆ ကြိမ်အနိုင်ရရှိထားပါတယ်။ နယူးကာဆယ်အသင်းကတော့ သုံးကြိမ်သာ အနိုင်ရရှိခဲ့ပြီး လေးကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းအရရော တွေ့ဆုံမှုအပိုင်းမှာပါ အသာစီးမှာရှိနေတဲ့ မန်စီးတီးအသင်းပဲ အနိုင်ရမှာသေချာပါတယ်။

## ဘာစီလိုနာ Vs ဘီလ်ဘာအို

**ကစားမည့် ရက် / အချိန်**

(၂၂-၁၁-၂၀၂၅ ရက် ည ၉:၄၅ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| ဘီလ်ဘာအို | ၀ - ၃ | ဘာစီလိုနာ |
| ဘီလ်ဘာအို | ၀ - ၂ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၂ - ၁ | ဘီလ်ဘာအို |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ဘာစီလိုနာ | အိမ်(နိုင်) | ဝေး(သရေ) | ဝေး(နိုင်) |
| ဘီလ်ဘာအို | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |

**ခန့်မှန်းရလဒ်**

ဘာစီလိုနာ ၃ - ၁ ဘီလ်ဘာအို

ဘာစီလိုနာအသင်းက ဒီပွဲမှာအနိုင်ရရှိရင် အမှတ်ပေးဇယားဦးဆောင်နိုင်ခွင့် ပြန်လည်ရရှိနိုင်မှာဖြစ်လို့ အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ ဒ့ါပြင် ဘာစီလိုနာအသင်းမှာ ဒဏ်ရာကြောင့်အနားယူနေရတဲ့ကစားသမား ရာဖင်ညာ ပြန်လည်ပါဝင်နိုင်မှာဖြစ်လို့ အသင်းတိုက်စစ်ပိုင်းက ပိုမိုအားကောင်းလာမှာပါ။ ဘာစီလိုနာအသင်းက အိမ်ကွင်းမှာ ပထမဆုံးအကြိမ်ကစားရမှာဖြစ်လို့ အနိုင်ရလဒ်နဲ့ ဖွင့်လှစ်နိုင်အောင် အကောင်းဆုံးပြင်ဆင်လာမှာပါ။ လက်ရှိဘာစီလိုနာအသင်းရဲ့ခြေစွမ်းပိုင်းကလည်း အိမ်ကွင်းမှာ ဘီလ်ဘာအိုအသင်းကိုအနိုင်ရယူနိုင်စွမ်းရှိနေပါတယ်။ ဒီရာသီ ဘာစီလိုနာအသင်းရဲ့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် စပိန်လာလီဂါအိမ်ကွင်းငါးပွဲမှာ ငါးပွဲစလုံးအနိုင်ရရှိအောင်စွမ်းဆောင်ထားနိုင်ခဲ့လို့ အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ဘာစီလိုနာအသင်းတိုက်စစ်ပိုင်းကလည်း အိမ်ကွင်းငါးပွဲမှာ ၁၃ ဂိုးရရှိထားတဲ့အထိ ဂိုးသွင်းအားကောင်းနေသလို ခံစစ်ပိုင်းကလည်း သုံးဂိုးသာပေးထားရလို့ ကျစ်လျစ်မှုရှိနေတာကို တွေ့ရမှာပါ။

ဘီလ်ဘာအိုအသင်းကတော့ စပိန်လာလီဂါပြိုင်ပွဲမှာ ဘာစီလိုနာအသင်းကို ၂၀၁၉ ခုနှစ်က အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း တစ်ပွဲမှအနိုင်ရယူနိုင်ခြင်းမရှိခဲ့ဘဲ ရုန်းကန်နေရပါတယ်။ ဘီလ်ဘာအိုအသင်းက နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာလည်း နှစ်ပွဲသာအနိုင်ရရှိပြီး သုံးပွဲရှုံးနိမ့်ထားလို့ ခြေစွမ်းပိုင်းက အကျဘက်ကိုရောက်နေတာတွေ့ရမှာပါ။ ဒ့ါပြင် ဘီလ်ဘာအိုအသင်းခံစစ်ပိုင်းကလည်း ပွဲစဉ်တိုင်းဂိုးပေးနေရလို့ ဂိုးသွင်းအားကောင်းနေတဲ့ ဘာစီလိုနာအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ကတော့ ခက်ခဲမှာပါ။ ဘီလ်ဘာအိုအသင်းက အသင်းလိုက်ကစားပုံကောင်းမွန်ပြီး အသင်းကြီးတွေကို အခက်တွေ့အောင်ကစားလေ့ရှိတဲ့ အသင်းတစ်သင်းဆိုပေမယ့် လက်ရှိခြေစွမ်းပိုင်းကတော့ အားရစရာမရှိပါဘူး။ ဘီလ်ဘာအိုအသင်းက စပိန်လာလီဂါ အဝေးကွင်းငါးပွဲမှာ တစ်ပွဲသာအနိုင်ရရှိပြီး တစ်ပွဲသရေရလဒ်နဲ့သုံးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းခြေစွမ်းပိုင်းက အတော်လေးဆိုးရွားနေတာကို တွေ့ရမှာပါ။



ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းမှာတော့ ဘာစီလိုနာအသင်းက ၂၉ ကြိမ်အနိုင်ရရှိခဲ့ပါတယ်။ ဘီလ်ဘာအိုအသင်းက ရှစ်ကြိမ်အနိုင်ရရှိပြီး ကိုးကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ ခြေစွမ်းပိုင်းရော တွေ့ဆုံမှုပိုင်းမှာပါ အသာစီးမှာရှိနေတဲ့ ဘာစီလိုနာအသင်းပဲ အနိုင်ရမှာသေချာပါတယ်။

## နာပိုလီ Vs အတ္တလန္တာ

**ကစားမည့် ရက် / အချိန်**

(၂၃-၁၁-၂၀၂၅ ရက် နံနက် ၂:၁၅ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| အတ္တလန္တာ | ၂ - ၃ | နာပိုလီ |
| နာပိုလီ | ၀ - ၃ | အတ္တလန္တာ |
| အတ္တလန္တာ | ၁ - ၂ | နာပိုလီ |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| နာပိုလီ | အိမ်(သရေ) | အိမ်(သရေ) | ဝေး(ရှုံး) |
| အတ္တလန္တာ | ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(ရှုံး) |

**ခန့်မှန်းရလဒ်**

နာပိုလီ ၂ - ၁ အတ္တလန္တာ

သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့တဲ့ နာပိုလီအသင်းက အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင်ပြင်ဆင်လာမှာပါ။ နာပိုလီအသင်းက အဆင့်(၄)နေရာမှာ ရပ်တည်နေတယ်ဆိုပေမယ့် အမှတ်ပေးဇယားထိပ်ဆုံးက အင်တာမီလန်အသင်းနဲ့ ရမှတ်နှစ်မှတ်သာကွာဟနေလို့ အခုပွဲစဉ်မှာ အနိုင်ရရှိမယ်ဆိုရင် အမှတ်ပေးဇယားမှာ ပြန်လည်ဦးဆောင်ခွင့်ရှိနိုင်လို့ အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ နာပိုလီအသင်းရဲ့ စီးရီးအေအိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကိုကြည့်မယ်ဆိုရင် ငါးပွဲကစားအပြီးမှာ လေးပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့ ရှုံးပွဲမရှိအောင်စွမ်းဆောင်နိုင်ခဲ့လို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ အကောင်းဆုံးပုံစံမှာရှိနေတာကိုတွေ့ရမှာပါ။ ဒ့ါပြင် နာပိုလီအသင်းရဲ့ လက်ရှိကစားသမားစုဖွဲ့မှုပိုင်းအရလည်း အတ္တလန္တာအသင်းထက် အသာစီးမှာရှိနေပါတယ်။

အတ္တလန္တာအသင်းကလည်း အသင်းလိုက်ကစားပုံကောင်းမွန်တဲ့အသင်းတစ်သင်းဆိုပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေဆိုးရွားနေပါတယ်။ အတ္တလန္တာအသင်းက နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ တစ်ပွဲတည်းသာအနိုင်ရရှိပြီး နှစ်ပွဲသရေရလဒ်နဲ့ နှစ်ပွဲရှုံးနိမ့်ထားတာကြောင့် အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ အားရစရာမရှိလို့ အခုပွဲစဉ်မှာလည်း ရုန်းကန်ရဖို့ရှိနေပါတယ်။ အတ္တလန္တာအသင်းရဲ့ စီးရီးအေအဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကိုကြည့်မယ်ဆိုရင် ငါးပွဲကစားပြီးချိန်မှာ တစ်ပွဲသာအနိုင်ရရှိခဲ့ပြီး သုံးပွဲသရေရလဒ်နဲ့ တစ်ပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ ပုံမှန်အနေအထားမှာပဲရှိနေပါတယ်။ ဒ့ါပြင် လက်ရှိအတ္တလန္တာအသင်းတိုက်စစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ဂိုးရဖို့ရုန်းကန်နေရလို့ အခုပွဲစဉ်မှာ နာပိုလီအသင်းခံစစ်ပိုင်းကို ထိုးဖောက်ဖို့ ခက်ခဲနေမှာပါ။ ဒ့ါပြင် နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာလည်း ဆက်ဆူအိုလိုအသင်းကို ၃ ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တဲ့အထိ ခြေစွမ်းပိုင်းဆိုးရွားနေပါတယ်။

နှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာတော့ နှစ်သင်းစလုံး ၁၄ ကြိမ်စီ အပြန်အလှန်အနိုင်ရရှိထားပြီး ငါးကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ ကွာဟမှုမရှိပါဘူး။ ဒါပေမဲ့ နာပိုလီအသင်းက အိမ်ရှင်အားသာချက်လည်းရှိနေလို့ ဒီပွဲမှာရလဒ်ကောင်းမှာပါ။

**စည်သူအောင်**

# ပြည်ပသို့ပို့ကုန်များတင်ပို့ခဲ့ပြီး နိုင်ငံတော်သို့ပို့ကုန်ရငွေအပြည့်အဝပြန်လည်ပေးသွင်းမှုမရှိသည့်အပြင် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများအား ဆဲဆို၊ ခြိမ်းခြောက်ခဲ့သူများ ဖော်ထုတ်ဖမ်းဆီးအရေးယူ

ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ခြင်းမရှိသည့်ကုမ္ပဏီများမှ တရားခံများ


ဦးရဲမင်းလွင်(ထွက်ပြေးတိမ်းရှောင်)
ဒါရိုက်တာ
Maha Nadi international Co.,Ltd.


ဒေါ်ကွန်သီ(ထွက်ပြေးတိမ်းရှောင်)
ဒါရိုက်တာ
Maha Nadi international Co.,Ltd.


ဒေါ်ခင်စန်းသီ(ဖမ်းမိ)
ဒါရိုက်တာ
Maha Nadi international Co.,Ltd.


ဒေါ်မြင့်မြင့်လှိုင်(ဖမ်းမိ)
ဒါရိုက်တာ
Maha Nadi international Co.,Ltd.


ဦးဟင်နရီခင်မောင်(ဖမ်းမိ)
ဒါရိုက်တာ
RK Shipping and Trading Co.,Ltd.


ဒေါ်ဖြူဖြူဇင်(ထွက်ပြေးတိမ်းရှောင်)
ဒါရိုက်တာ
Maha Nadi international Co.,Ltd.


ဦးဗိုဗိုသန့်(ဖမ်းမိ)
ဒါရိုက်တာ
Taw Thar Gyi Co.,Ltd.


ဦးဌေးကို(ထွက်ပြေးတိမ်းရှောင်)
ဒါရိုက်တာ
Ocean Lion King Co.,Ltd.

နေပြည်တော် နိုဝင်ဘာ ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးလုပ်ငန်းရှင်အချို့မှာ ၎င်းတို့၏ကိုယ်ကျိုးစီးပွားကိုသာရှေးရှုပြီး နိုင်ငံတော်၏ စီးပွားရေးနှင့်ငွေကြေးမူဝါဒများကို ကမောက်ကမဖြစ်စေရန်ရည်ရွယ်၍ မသမာသည့်နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများကသတင်းရရှိခဲ့ပြီး ၎င်းတို့အားဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍စုံစမ်းဖော်ထုတ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို၊ အမှတ် ၈၀၃-ဘီ၌ ရုံးခန်းဖွင့်လှစ်ထားသည့် **Maha Nadi International Co.,Ltd.** မှ ဒါရိုက်တာများဖြစ်သော ဦးရဲမင်းလွင်၊ ဒေါ်ကွန်သီ၊ ဒေါ်ဖြူဖြူဇင်၊ ဒေါ်မြင့်မြင့်လှိုင်နှင့် ဒေါ်ခင်စန်းသီတို့သည် ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၄၂ သန်းကျော်တန်ဖိုးရှိ မတ်ပဲများတင်ပို့ခဲ့ပြီး နိုင်ငံတော်သို့ ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာသန်း ၄၀ ကျော်ပြန်လည်ပေးသွင်းရန်ကျန်ရှိလျက်ရှိကြောင်း။

ထို့အတူ ဦးဟင်နရီခင်မောင်နှင့်ဒေါ်ဖြူဖြူဇင်တို့ ၂ ဦးအမည်ဖြင့် တည်ထောင်ထားသည့် **RK Shipping and Trading Co.,Ltd.** အနေဖြင့်လည်း ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းကျော်တန်ဖိုးရှိ မတ်ပဲများတင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ သန်းကျော်မှာ နိုင်ငံတော်သို့ပြန်လည်ပေးသွင်းခဲ့ခြင်းမရှိကြောင်း တွေ့ရှိရသည်။

ထပ်မံစစ်ဆေးတွေ့ရှိချက်များအရ ဦးဟင်နရီခင်မောင်သည် သားဖြစ်သူ ဦးရဲမင်းလွင်နှင့်ခင်မင်ရင်းနှီးသည့်ဦးဗိုဗိုသန့်၏ **Taw Thar Gyi Co.,Ltd.** အမည်ခံ၍ ၂၀၂၄ ခုနှစ်အတွင်းပြည်ပသို့အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုးရှိ မတ်ပဲနှင့်ပဲစင်းငုံများကိုတင်ပို့ခဲ့ပြီး ပို့ကုန်ရငွေအမေရိကန်ဒေါ်လာ ၉ ဒသမ ၃ သန်းကျော်မှာ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန်ကျန်ရှိနေကြောင်း၊ ထို့အတူ ဦးရဲမင်းလွင်သည် **Ocean Lion King Co.,Ltd.** အမည်ကိုအသုံးပြု၍ ပဲမျိုးစုံတင်ပို့လျက်ရှိကြောင်း သတင်းရရှိသဖြင့် ထပ်မံစိစစ်ခဲ့ရာ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပြည်ပသို့အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းကျော်တန်ဖိုးရှိမတ်ပဲများကို တင်ပို့ခဲ့ပြီး နိုင်ငံတော်သို့ ပို့ကုန်ရငွေများ ပြန်လည်ပေးသွင်းရန် ကျန်ရှိလျက်ရှိကြောင်း တွေ့ရှိရသည်။

ထို့ပြင် ဦးရဲမင်းလွင်သည် နိုင်ငံတော်သို့ ပို့ကုန်ရငွေများ ပြန်လည်ပေးသွင်းမှုမရှိသောကြောင့် ၎င်း၏ကုမ္ပဏီများအား ပို့ကုန်/သွင်းကုန်လိုင်စင်ပိတ်သိမ်းခံရမှုအပေါ်ကျေနပ်မှုမရှိသဖြင့် ပဲမျိုးစုံရောင်းဝယ်သည့်လုပ်ငန်းလုပ်ကိုင်ရန်အတွက် ကုန်သည်များ၊ ပွဲစားများ၊ တောင်သူများ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် **Online Pulses Myanmar Association** အမည်ရှိ **Viber Group** ၌ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှတာဝန်ရှိသူများကို ရန့်ရင်းကြမ်းတမ်းစွာဆဲဆိုခြင်း၊ အသက်အန္တရာယ်ခြိမ်းခြောက်သည့်စာသားများရေးသားဖော်ပြခြင်းများဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

သို့ဖြစ်၍ ပြည်ပသို့ပို့ကုန်များတင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ခြင်းမရှိခဲ့သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများဖြစ်သည့် ဦးရဲမင်းလွင်(ထွက်ပြေးတိမ်းရှောင်)၊ ဒေါ်ကွန်သီ(ထွက်ပြေးတိမ်းရှောင်)၊ ဒေါ်ဖြူဖြူဇင်(ထွက်ပြေးတိမ်းရှောင်)၊ ဒေါ်မြင့်မြင့်လှိုင်(ဖမ်းမိ)၊ ဒေါ်ခင်စန်းသီ(ဖမ်းမိ)၊ ဦးဟင်နရီခင်မောင်(ဖမ်းမိ)၊ ဦးဗိုဗိုသန့်(ဖမ်းမိ)နှင့် ဦးဌေးကို(ထွက်ပြေးတိမ်းရှောင်)တို့ ၈ ဦးနှင့် အသင်းမှတာဝန်ရှိသူများကို ရန့်ရင်းကြမ်းတမ်းစွာဆဲဆိုခြင်း၊ အသက်အန္တရာယ်ခြိမ်းခြောက်ခြင်းများဆောင်ရွက်ခဲ့သူ ဦးရဲမင်းလွင်(ထွက်ပြေးတိမ်းရှောင်)တို့အပေါ် ၎င်းတို့ကျူးလွန်ခဲ့သည့်ပြစ်မှုများအလိုက်ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းတို့သည် နိုင်ငံတော်သို့ပေးသွင်းရမည့်ပို့ကုန်ရငွေများကို ပေးသွင်းရန်ပျက်ကွက်ခဲ့သည့်အပြင် ရရှိသည့်ပို့ကုန်ရငွေများအား ဖျောက်ဖျက်ဆောင်ရွက်ထားကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရ၍ ၎င်းတို့၏ပိုင်ဆိုင်မှုများအပေါ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရလည်း ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်၏စီးပွားရေးနှင့်ငွေကြေးမူဝါဒများတည်ငြိမ်စေရေးအတွက် ပို့ကုန်ရငွေပြန်လည်ပေးသွင်းရန် ပျက်ကွက်သည့်အခြားကုမ္ပဏီများကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **မြဝတီ**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၅ ခုနှစ် ဩဂုတ်လ (၁)ရက်နေ့မှစပြီး နိုဝင်ဘာလ (၃၀)ရက်နေ့အထိ နေ့စဉ်နံနက်(၆:၀၀)နာရီမှစပြီး စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ၊ “ဝ”၊ ကချင်၊ ကယားအစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၁)ရက်နေ့မှစပြီး ၂၀၂၆ ခုနှစ် မတ်လ (၃၁)ရက်နေ့အထိ နေ့စဉ်နံနက် (၆:၀၀)နာရီမှ (၇:၀၀)နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ နံနက်(၇:၀၀)နာရီမှ (၈:၀၀)နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက်(၈:၀၀)နာရီမှ နံနက် (၉:၀၀)နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ နံနက်(၉:၀၀)နာရီမှ နံနက်(၁၀:၀၀)နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ နံနက် (၁၀:၀၀)နာရီမှ မွန်းတည့် (၁၂:၀၀)နာရီအထိ မွန်ဘာသာအစီအစဉ်၊ မွန်းတည့် (၁၂:၀၀) နာရီမှ မွန်းလွဲ(၁၄:၀၀)နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ မွန်းလွဲ(၁၄:၀၀)နာရီမှ ညနေ(၁၆:၀၀)နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ညနေ (၁၆:၀၀)နာရီမှ ည (၁၈:၀၀)နာရီအထိ “ဝ”ဘာသာအစီအစဉ်၊ ည(၁၈:၀၀)နာရီမှ (၂၀:၀၀)နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ည (၂၀:၀၀)နာရီမှ (၂၂:၀၀)နာရီအထိ ကယားဘာသာအစီအစဉ်၊ ည (၂၂:၀၀) နာရီမှ (၂၃:၀၀)နာရီအထိ စကောကရင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

## ထူးခြားသည့် ညအပူချိန်များ

၂၁-၁၁-၂၀၂၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | ပူတာအို | ၁၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ဟားခါး | ၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | မချမ်းဘော | ၁၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် | တောင်ကြီး | ၁၂ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၁၁ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် | ပင်လောင်း | ၁၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ဟုမ္မလင်း | ၁၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် | မင်းကင်း | ၁၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED



လုံခြုံလျှင်မြန် ဆောင်ရွက်ပြန့်မှန်
မြဝတီဘဏ်

Phone No :
(01) 2301367, 2301368,
(01) 2301452, 2301378

Card Services
- Individual Debit Card/ Credit Card
- Corporate Debit Card
- Automated Teller Machine Services
- Point of Sales Services
- Online Payment/ Tax Payment Via E-commerce

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ





ရွှေမန်းသူ
09-254781060

ပါရမီ(YBS)
09-459448201









မန္တလေးအခြေစိုက်
09-426500153

တော်ဝင်
09-423333250

ပါရမီတက္ကစီ
01-3643641

ကုန်စည်
09-440619258

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- E - Top up ဖုန်းငွေဖြည့်သွင်းခြင်း
- ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- Gift Card ပေးခြင်း
- ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း
- အောင်ဘာလေဖွန်လိုင်းထီထိုးခြင်း




အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"

NAY PYI TAW






နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

❖ နိုင်ငံတော်၏စီးပွားရေးကို လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သည့်နေရာတွင် စိုက်ပျိုးမွေးမြူရေးသည် မိမိတို့နိုင်ငံတွင်ရှိသည့် တိုင်းရင်းသားပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏အသက်သွေးကြောလည်းဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတိုးမြှင့်ဖော်ဆောင်ပေးခြင်းသည် အထိရောက်ဆုံးဖြစ်...

( ယာယီသမ္မတ (တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅)တွင် ပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# KK Park နယ်မြေအတွင်း Online လိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၁၉၆ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းမှ တရားမဝင်ပြည်ပနိုင်ငံသား ၃၅၁ ဦး ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး Online လိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင်အဆောက်အအုံများအား ဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိတရားမဝင်အဆောက်အအုံ ၁၉၆ လုံးကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီး ရွှေကုက္ကိုလ်နယ်မြေ

စာမျက်နှာ ၂၇ ကော်လံ ၁ ➲



လူနေအဆောက်အအုံ (၄)ထပ် C 3 အား ဖောက်ခွဲပြီးစီးမှုကိုတွေ့ရစဉ်။

# ဝါရှောင်(တိုးချဲ့) ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင်ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ (င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃၈၉၂) ဧကရှိသောနယ်မြေကို ဝါရှောင်(တိုးချဲ့)ကြိုးပြင်ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၂၅) အရ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၂) ရက် (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)မှစ၍ သတ်မှတ်ကြောင်း

စာမျက်နှာ ၂၃ ကော်လံ ၁ ➢

# လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၂၁

ယနေ့မွန်းလွဲ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၌ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

(မိုး/ဇလ)

# ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များပါရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ(၈)တွင် ဖော်ပြပါရှိပါသည်။

မြဝတီ

